မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၀၁)

နိုင်ငံတော်အကြီးအကဲ ပိုလ်ချုပ်မှူးကြီးသန်းရွှေ အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၄

၂၀၀၇ ခုနှစ် ဧပြီ ၂၄ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အစ္စရေးနိုင်ငံ ခေတ္တသမ္မတ မစ္စ ဒေလီယာ အစ်ဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ရန်ကုန်မြစ်အတွင်း သောင်တူးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး ရေကြောင်းပို့ဆောင်မှု လုံခြုံချောမွေ့စေရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြစ်အတွင်း သောင်တူးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြစ်အတွင်း သောင်တူးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းနှင့် အားကစား အညွှန်း

အကောင်းဆုံးဘောလုံးသမားဆုနှင့် အကောင်းဆုံး လူငယ်ကစားသမားဆု မန်ယူမှ စီရိုနယ်ဒို ဆွတ်ခူးရရှိ

အကောင်းဆုံး ဘောလုံးသမားဆုနှင့် အကောင်းဆုံးလူငယ် ကစားသမားဆုရ စီရိုနယ်ဒို

ကမ္ဘာတစ်လွှား အားကစား (စာ–၁၂)

လက်လေးချောင်းနှင့် စန္ဒရားတီးခတ်ပြ

လက်နှစ်ဖက်တွင် လက်ချောင်း လေးချောင်းသာရှိသော တောင်ကိုရီးယား မိန်းကလေးငယ်တစ်ဦး စန္ဒရားတီးခတ်ပြစဉ်။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား (စာ–၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။ Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အဆင့်အတန်းမြင့်မားရေး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန်အတွက် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဘက်စုံအထူးကုဆေးရုံကြီးများကို အလေးထား ထူထောင်သွားရန် စီစဉ်ထားရှိသည်။

ယင်းရည်မှန်းချက်နှင့်အညီ ဆေးရုံကြီးများအတွက် ဆေးပညာရှင်များမွေးထုတ်ခြင်း၊ ခေတ်မီ ဆေးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်ဆည်းပေးခြင်း၊ လိုအပ်သော အဆောက်အအုံများ တိုးချဲ့တည်ဆောက်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ပေးခဲ့သည်။

မျက်မှောက်ခေတ်သည် ဘာသာရပ်အားလုံးကိုခြုံငုံ၍ အထွေထွေလေ့လာသည့်အဆင့်မှ ဘာသာရပ်အလိုက် အသေးစိတ်ကျွမ်းကျင်အောင် အထူးပြုလေ့လာသည့်အဆင့်သို့ ရောက်ရှိနေသောခေတ် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ ၂၂ ရက်နေ့က မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်ကြီးအောင်ရိပ်သာ၌ မန္တလေးမြို့ရှိ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဆေးရုံအုပ်ကြီးများအား တွေ့ဆုံမှာကြားရာတွင်–

"ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသော ဆေးပညာရပ်များကို အခြားနိုင်ငံများနှင့်အတူ ရင်ပေါင်တန်းပြီး နားလည်သိရှိ လက်တွေ့အသုံးပြုနိုင်အောင် အမြဲမပြတ် လေ့လာဆည်းပူးနေရမှာ ဖြစ်ကြောင်း"

ဖြင့် လမ်းညွှန်မှာကြားခဲ့သည်။

ထို့ကြောင့် ပြင်ပဆေးတက္ကသိုလ်များ၊ ဆေးရုံများနှင့် ဘာသာရပ်အလိုက် ပညာနှင့် အတွေ့အကြုံ ဖလှယ်ခြင်း၊ လေ့လာခြင်း စသည့်နည်းပညာများကို ညှိနှိုင်းကျင့်သုံးသွားကြရမည် ဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ထိရောက်သော ခေတ်မီဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာအမျိုးမျိုးကို ဝယ်ယူရာ၌ ကုန်ကျစရိတ်မှာ တန်ဖိုးပမာဏမြင့်မားသောကြောင့် နိုင်ငံတော်၏ ရင်းနှီးကျခံနေရသော ကုန်ကျစရိတ်၌ ထိုက်တန်သည့်အချိုးအဆဖြင့် မျှတစွာ ခွဲဝေကျခံသွားရန် လိုအပ်ပေရာ ဆေးရုံများ၌ အခမဲ့ကုသသည့်အပိုင်းနှင့် ထိုက်တန်သည့် ငွေကြေးပေးရသည့် အပိုင်းဟူ၍ ပြောင်းလဲဖြစ်ပေါ်လာပြီး ရေရှည်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုအဆင့်အတန်း မြင့်မားလာမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ ယုံကြည်စိတ်ချစွာ အဆင့်အတန်းရှိရှိ ဆေးကုသမှုခံယူနိုင်ရန်အတွက် နိုင်ငံတော်နှင့်အတူ ကျန်းမာရေးဆိုင်ရာ ပညာရှင်၊ ဝန်ထမ်းများက ဝိုင်းဝန်းအားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မောင်အောင်ညီမိန်းသူအား ရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် ရွှေနှင်းဆီ လမ်းသွယ် ၆ အမှတ် (၅၇)နေကျန်ရစ်သူ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးနှင့် ဆွမ်း၊ ရေ၊ မီးနှင့် ဆေးပစ္စည်းလေးပါး ပဒေသာပင်အတွက် အလှူငွေကျပ် ၁၃၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဘဏ္ဍာတော်ငွေထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကချင်ပြည်နယ်သင်္ကြန်ပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်ပူဇော်ကန်တော့

နေပြည်တော် ဧပြီ ၂၃

ကချင်ပြည်နယ်၏ ၁၃၆၉ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် သင်္ကြန်ပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကို ဧပြီ၁၇ ရက် ညနေ ၃ နာရီက မြစ်ကြီးနားမြို့ ပြည်နယ်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်နုနုဆွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တိုင်းစစ်ဌာနချုပ်မှတပ်မတော်အရာရှိကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဗုဒ္ဓဘာသာရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ ဓမ္မစကြာနှင့် ယောဂီဝတ်အသင်းများ၊ စေတနာရှင်၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးနှင့်တာဝန်ရှိသူများက သက်ကြီး အဘိုးအဘွား ၇၅ ဦး တို့အား ပူဇော်ကန်တော့ကြပြီး ကန်တော့ခံ အဘိုး၊ အဘွားများကိုယ်စား အငြိမ်းစား ကျောင်းဆရာကြီး ဦးတင်ဖေက ဆုပေးစကားပြောကြားသည်။

ထို့နောက် အဘိုး၊ အဘွား ၇၅ ဦး တို့အား တိုင်းမှူးနှင့်တာဝန်ရှိသူများက ငွေ ကျပ် ၂၄၀၇၀၀၀ကို ပေးအပ်လှူဒါန်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဇီဝိတဒါန ငါးလွှတ်ပွဲ

ထို့နောက် ၁၃၆၉ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် အထိမ်းအမှတ် ဇီဝိတဒါန ငါးလွှတ်ပွဲကို ပြည်နယ်သာသနာ့ဗိမာန်အနီး ဧရာဝတီမြစ်ဆိပ်တွင် ဆက်လက်ကျင်းပရာ တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများ၊ မြစ်ကြီးနားတပ်နယ်မှ အိမ်ထောင်စုဝင် မိသားစုများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက ဧရာဝတီမြစ်အတွင်းသို့ ရွှေဝါငါးကြင်း ကောင်ရေ သုံးသောင်းကို အတီးအမှုတ်များဖြင့် တပျော်တပါး စုပေါင်း ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းစာကြည့်တိုက် (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ကျင်းပ

ရန်ကုန် ဧပြီ ၂၃

ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကကြီးမှူး၍ စာကြည့်တိုက် (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် ထူးချွန်သင်တန်းသား ဂုဏ်ပြုပွဲ အခမ်းအနားကို ဧပြီ၈ရက် ညနေ ၅ နာရီက အဆိုပါအသင်းရုံး၌ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးနေဝင်းက အဖွင့်အမှာစကား ပြောကြားပြီး**(ယာပုံ)** အလှူငွေများ လက်ခံခြင်းကို အမှတ် (၂) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် နယ်မြေတာဝန်ခံ ဒေါ်စန်းစန်းဝင်းတို့က လည်းကောင်း၊ ထူးချွန်ဆုများ ပေးအပ်ခြင်းကို မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်သန်းနွယ်က လည်းကောင်း၊ စာကြည့်တိုက် သမိုင်းကြောင်းကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးဆန်းတင့်က လည်းကောင်း ပြောကြားပြီး(၂)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးတင်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဟောပြော

ဆက်လက်၍ ကြံ့ခိုင်ဖွံ့ဖြိုးရေး အသင်း စာကြည့်တိုက် (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အဖြစ် စာရေးဆရာ မောင်ကျေးဇူး၊ လယ်တွင်းသား စောချစ်နှင့် ကာတွန်း မြေဇာတို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၄-၄-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ် ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပာန် ဂီတသံ
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၅ ၇။ ပညာခေတ်
- ၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၆:၃၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၄၃)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၇။ မွေးမြူသုတ
- ၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း-၃၇)

● ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဗိုလ်အောင်ကျော် အမှတ်(၃) ဆိပ်ခံတံတား၌ ကုန်သေတ္တာများအား (X-Ray)ဖြင့် စစ်ဆေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လိုက်ပါလျက် ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်း နန်းသီတာ ဆိပ်ကမ်းသို့ရောက်ရှိကြရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်တင်ငွေ၊ အတွင်းရေးမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ရန်ကုန်မြစ်ကြောင်းအတွင်း စည်းခုံ၍ သောင်တူးခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော သီဟဒီပ သောင်တူးသောင်စုပ်ရေယာဉ်သို့ ရောက်ရှိကြပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ရေယာဉ်ပဲ့စင်မှ ရန်ကုန်မြစ်အတွင်း သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးရာ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

လုံခြုံချောမွေ့

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား ရေယာဉ်ရှင်းလင်းခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများက မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က ဆိပ်ကမ်းနှင့်မြစ်ကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ လုံခြုံချောမွေ့စိတ်ချရအောင် ဆောင်ရွက်နေမှုများ၊ သောင်တူးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သောင်တူး သောင်စုပ်ရေယာဉ်လေးစင်းနှင့်အခြားသောင်တူးရေယာဉ်များဖြင့် ဆိပ်ကမ်းနှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ရေယာဉ်ဖြင့် ရန်ကုန်မြစ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဗိုလ်အောင်ကျော် အမှတ်(၃) ဆိပ်ခံတံတားသို့ ရောက်ရှိပြီး အိပ်စရေးစက်(X-Ray)ဖြင့် ကုန်သေတ္တာများအား စစ်ဆေးဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဆူးလေအမှတ်(၅) ဆိပ်ခံတံတား၊ စဥ့်အိုးတန်းဖောတံတားမှ ဝါးတန်းဖောတံတားအထိ ဆိပ်ကမ်းလမ်းတစ်လျှောက်နှင့် အလုံရှိ အေရှားဝေါလ်ဆိပ်ကမ်းတံတားတို့တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆိပ်ကမ်းနှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ လုံခြုံချောမွေ့စိတ်ချရအောင် ဆောင်ရွက်နေသည်များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

သီရိလင်္ကာ ဗုဒ္ဓစွယ်တော်တိုက် တာဝန်ခံနှင့်အဖွဲ့ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၃

သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်သည် နေပြည်တော်၌ရောက်ရှိနေသော မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးမှတာဝန်ရှိသူနှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗုဒ္ဓစွယ်တော်တိုက်မှ တာဝန်ခံ Pradeep Nilanga Dela နှင့်အဖွဲ့တို့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ တွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာမြင့်ကြည်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ဧပြီ ၂၂ရက် နံနက်ပိုင်းက ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ နယ်စပ်ကုန်သွယ်ရေးစခန်းရှိ ပူးပေါင်းဌာနဆိုင်ရာ အဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ်ကြည့်ရှုစစ်ဆေး၍ ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေးအတွက် စေတနာထားဆောင်ရွက်ရေး၊ ကုန်သွယ်မှုတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးအောင် ဌာနဆိုင်ရာများနှင့် ကုန်သည်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှုတိုးတက်ဖြစ်ထွန်းရေးတို့အတွက် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေး၏ဝင်/ထွက်ဂိတ်များကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် ကုန်သွယ်ရေးစခန်းခန်းမ၌ ဗန်းမော်-လွယ်ဂျယ် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ကုန်သည်အချင်းချင်း ခင်မင်ရင်းနှီးစွာ ကုန်သွယ်ဆက်ဆံရေး၊ ပုံမှန်ကုန်သွယ်ရေးနည်းလမ်းများအတိုင်း စနစ်တကျ မှန်မှန်ကန်ကန် ဆောင်ရွက်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၌လည်း ပါဝင်ရင်းနှီးမြှုပ်နှံ တိုးချဲ့ထုတ်လုပ်တင်ပို့ရေးမှာကြားပြီး တက်ရောက်လာသော ကုန်သည်လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များကို ဝန်ကြီးက ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၄

၂၀၀၇ခုနှစ် ဧပြီ ၂၄ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မီးစ်ဇီဝီလစ်ဗ်နီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပထမအကြိမ် ဓမ္မပူဇာတရားပွဲ

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မိချောင်းကန် အပိုင်း(၃) စံပြရပ်ကွက် ပထမအကြိမ် ဓမ္မပူဇာတရားပွဲကို ဧပြီ ၂၉ရက်တွင် အရှင်သဒ္ဓမ္မကိတ္တိသာရ (အောင်ဆန်းဆရာတော်)၊ ၃၀ရက်တွင် အရှင် သောဘဏ (ရွှေမြင့်မိုရ်ဆရာတော်)၊ မေ ၁ ရက်တွင် အရှင်ဇဝန (မေတ္တာရှင် ရွှေပြည်သာ)၊ ၂ရက်တွင် အရှင်ကုဏ္ဍလ (ဝမ်းသာရွှေကျောင်း ဆရာတော်)တို့က ညစဉ် ၆ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် မိချောင်းကန်အပိုင်း(၃) စံပြရပ်ကွက် ခေမာသီလမ်း ဓမ္မသဘင်မဏ္ဍပ်တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ အလှူငွေများ ပါဝင် လှူဒါန်းလိုပါက ဒေါ်လှလှအေး ဖုန်း-၀၁-၅၇၉၈၀၉၊ ကိုကျော်စွာ ဖုန်း-၀၉-၅၁၃-၈၂၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် ဧပြီ ၂၃

ယနေ့မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားသော လေဖိအားနည်း ချိုင့်ဝှမ်းများ၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက်၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မိုးရွာစဉ် အနောက်မြောက်ဘက်မှ လေပြင်းများ တစ်နာရီလျှင် မိုင် ၃၀မှ ၄၀အထိ တိုက်ခတ်နိုင်ပြီး အချို့ဒေသများ၌ တစ်ခါတစ်ရံ မိုးသီးများပါကျရောက်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။
(သတင်းစဉ်)

၁၉၆၉ ခုနှစ်ဝိဇ္ဇာ၊ မြန်မာစာဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ၁၉၆၉ ခုနှစ် ဝိဇ္ဇာ(မြန်မာစာ)ဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ စုံညီစွာ တက်ရောက်ကြရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားသည်။ အလှူငွေထည့်ဝင်လိုသူများသည် ဦးမြင့်အုန်း ဖုန်း-၀၆၇-၄၁၄၅၉၃၊ ဦးတင်အောင် ဖုန်း-၀၉-၅၀၁၂၁၄၁၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁၅၇၆၄၉၊ ဒေါ်စိုးမြင့် ဖုန်း-၀၁-၅၆၃၂၈၃၊ ဒေါ်ရီရီသန်း ဖုန်း-၀၁-၅၅၂၇၃၃၊ ဒေါ်တင်အေးကျော် ဖုန်း-၀၉-၅၁၅၉၀၁၂၄နှင့် ဒေါ်မြမြဟိန်း ဖုန်း-၀၁-၂၄၃၃၃၆၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

လူသုံးနည်းသစ်မျိုးအချို့၏ ကြာရှည်ခံနိုင်မှု

ပါမောက္ခချုပ်
ဦးဝင်းကြည်(၁)

သစ်မျိုးတစ်မျိုး၏ အသုံးချနိုင်မှုကို စူးစမ်းဖော်ထုတ်ရာတွင် ကြာရှည်ခံနိုင်မှု (Durability)သည် ထည့်သွင်းစမ်းသပ်ရသည့် အရေးပါသော ဂုဏ်သတ္တိတစ်ခုဖြစ်သည်။

သစ်မျိုးများ၏ ကြာရှည်ခံနိုင်မှုကို အုပ်စု ငါးမျိုးခွဲ၍ သတ်မှတ်လေ့ရှိသည်။ ၎င်းတို့မှာ အလွန်ကြာရှည်ခံသော (Very Durable) သစ်မျိုးများ၊ ကြာရှည်ခံသော (Durable)သစ်မျိုးများ၊ အတော်အတန်ကြာရှည်ခံသော (Moderately Durable) သစ်မျိုးများ၊ ကြာရှည်မခံသော (Non-Durable) သစ်မျိုးများနှင့် ပျက်စီးလွယ်သော (Peri-shable) သစ်မျိုးများဟူ၍ ဖြစ်ကြသည်။ သက်တမ်း (၁၀)နှစ်အထက် အသုံးခံသော သစ်မျိုးများကို အလွန်ကြာရှည်ခံသော သစ်မျိုးများအဖြစ် လည်းကောင်း၊ သက်တမ်း တစ်နှစ်ခန့်သာ အသုံးခံသော သစ်မျိုးများကို ပျက်စီးလွယ်သော သစ်မျိုးများအဖြစ် လည်းကောင်း သတ်မှတ်လေ့ရှိသည်။ ဤသတ်မှတ်ချက်သည် အပူပိုင်းဒေသများအတွက်သာဖြစ်သည်။ အအေးပိုင်းဒေသများအတွက် သက်တမ်း သတ်မှတ်ချက်သည် အပူပိုင်းဒေသများထက် ပို၍များသည်။ သက်တမ်း (၂၅)နှစ်နှင့် အထက် အသုံးခံသော သစ်မျိုးများကို အလွန်ကြာရှည်ခံသော သစ်မျိုးများအဖြစ် လည်းကောင်း၊ သက်တမ်း ငါးနှစ်အောက် အသုံးခံသောသစ်မျိုးများကို ပျက်စီးလွယ်သော သစ်မျိုးများအဖြစ်လည်းကောင်း သတ်မှတ်လေ့ရှိသည်။ အေး၍ခြောက်သွေ့သဖြင့် မှိုနှင့်ပိုးမွှားများ၏ ဖျက်ဆီးတိုက်ခိုက်မှုဒဏ်မှ လျော့နည်းခြင်းကြောင့် သက်တမ်းပို၍ ကြာရှည်ခြင်း ဖြစ်သည်။

လူသုံးနည်းသစ် ၅၄ မျိုး၏ ကြာရှည်ခံနိုင်မှုကို စမ်းသပ်ခဲ့ရာ ကြို့နှင့်ထွနီသည် အလွန်ကြာရှည်ခံသော သစ်မျိုးများအဖြစ် လည်းကောင်း၊ ကြက်ရိုး၊ ဖန်ခါး၊ ဖက်သန်း၊ ပျဉ်းမ၊ စစ်၊ ထောက်ကြံ့၊ တောင်ဥသျှစ်၊ တောင်ပိန္နဲ၊ တောင်ဖက်ဝန်း၊ သပြေ၊ သဒီ၊ သစ်ကတိုး၊ သစ်မန်ကျည်း၊ ယမနေ၊ ရင်းတိုက်နှင့်ရင်းမာတို့သည် ကြာရှည်ခံသော သစ်မျိုးများအဖြစ်လည်းကောင်း၊ ဘင်္ဂ၊ ချင်ယုတ်၊ နှော၊ ကုက္ကို၊ လယ်စ၊ ဖျောက်ဆိပ်၊ ဆိတ်ချေး၊ တောသရက်၊ သံတော၊ သင်္ဂဒူး၊ သစ်ဖယောင်း၊ သစ်ဆိမ့်၊ သစ်ဆွဲလဲ၊ ရင်းစပ်၊ ရုံး၊ ဓောင်းပလေးတို့သည် အတော်အတန် ကြာရှည်ခံသော သစ်မျိုးများအဖြစ် လည်းကောင်း၊ ဘိုင်၊ ဘုံမဲစာ၊ ဒီးဒူး၊ ထွဘုတ်၊ ခုသန်၊ မအူလက်တန်ရှည်၊ မျောက်ငို၊ နဘဲ၊ တောင်မဲအုပ်နှင့် တောင်သရက်တို့သည် ကြာရှည်မခံသော သစ်မျိုးများအဖြစ် လည်းကောင်း၊ ငွေး၊ မြားဆိပ်၊ လက်ပံ၊ မျောက်သွေးကြီး၊ မျောက်သွေးသေး၊ လျှော်၊ သဖန်း၊ သစ်ဖယောင်းတို့သည် ပျက်စီးလွယ်သော သစ်မျိုးများအဖြစ် လည်းကောင်း တွေ့ရှိခဲ့သည်။

သစ်ကို အသုံးပြုမှုများစွာရှိသည့်အနက် တည်ဆောက်ရေး ပစ္စည်းအဖြစ် အသုံးပြုမှုသည် အခြားအသုံးပြုမှုများထက် အဆပေါင်းများစွာ ပိုသည်။ ပရိဘောဂနှင့် အခြားသစ်သားထည်ပစ္စည်းများသည် များသော အားဖြင့် အမိုးအကာအောက် (Indoor) တွင် ရှိသည်သာမက လူနှင့် အစဉ်ထိတွေ့နေရသောကြောင့် ပြုလုပ်မည့်သစ်မျိုးကို ရွေးချယ်ရာ၌–ရော်ဘာ၊ သစ်ဆိမ့်ကဲ့သို့ ပိုးဖောက်လွယ်သော သစ်မျိုးအနည်းငယ်မှအပ ကြာရှည်ခံနိုင်မှုကို အလေးပေးရန် မလိုအပ်လှသော်လည်း အဆောက်အအုံ၊ တံတား၊ လှေ၊ သင်္ဘော၊ ဇလီဖား၊ ခြံတိုင်၊ ဓာတ်တိုင်၊ ဥယျာဉ်သုံးပရိဘောဂ (Garden Furniture)စသည်များအတွက် သင့်လျော်သည့် သစ်မျိုးကို ရွေးချယ်ရာတွင်မူ ကြာရှည်ခံနိုင်မှုကို အလေးပေးရန် အလွန်အရေးကြီးသည်။ ထို့ကြောင့် လူသုံးနည်းသစ်မျိုးများကို တွင်ကျယ်စွာ အသုံးချနိုင်ရေးတွင် သစ်ကြာရှည်ခံမှု နည်းပညာ (Wood Presevation) သည် အဓိကအရေးပါသည်။

ငါးနှစ်သာခံမည့် ခြံတိုင်များကို ကြာရှည်ခံအောင် ပြုပြင်ပေးခြင်းဖြင့် ၁၅ နှစ်ခံမည်ဆိုပါက သုံးစွဲသူအတွက် ကုန်ကျစရိတ်သက်သာသကဲ့သို့ နိုင်ငံတော်၏ အဖိုးတန်သစ်တော သယံဇာတများကိုလည်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းပေးရာ ရောက်သည်၊ အိမ်များကို နှစ်စဉ်ရေနံချေးသုတ်ခြင်း၊ ခြံတိုင်များ မစိုက်မီ ခေါက်ခွာ၍ တိုင်ချေကိုမီးမြှိုက်ပြီး ရေနံချေး၊ အင်ဂျင်ဝိုင်အဟောင်း၊ ဆေးကတ္တရာ စသည်များ သုတ်ခြင်း၊ တိုင်ထိပ်များကို မိုးရေစိမ့်ဝင်မှုနည်းစေရန် ချွန်ထားခြင်း၊ သံဖြူပြားအုပ်ထားခြင်း စသည်များသည် အလွယ်ကူဆုံး သစ်ကြာရှည်ခံ နည်းပညာရပ်များ ဖြစ်သည်။

အလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ ရေဆင်း၊ သစ်တော သုတေသနဌာနတွင် ၁၉၇၉ခုနှစ် ဇန်နဝါရီလက စမ်းသပ်ခဲ့သော ဝါးကြွပ်(Bamboo Shingle)ဖြင့် မိုးထားသည့် တဲသည် ယခုအချိန်အထိ ၂၈နှစ်တိုင်ကောင်းမွန်နေဆဲဖြစ်ပါသည်။ ယင်းဝါးကြွပ်များကို ကြသောင်းဝါးဖြင့် ပြုလုပ်ထားကြောင်း၊ ဝါးကြွပ်များကို ရေးဦးစွာ ရေတွင် ခုနစ်ရက်ခန့်စိမ်ထားကြောင်း၊ ပိုးမွှားများ ကြိုက်တတ်သည့် ဝါးအတွင်းမှ အစာများ (Starch)ထွက်သွားစေရန် ဖြစ်ကြောင်း၊ ထို့နောက် ခြောက်သွေ့စေရန် ငါးရက်ခန့် လေသလပ်ခံထားရှိကြောင်း၊ ၎င်းနောက် ရေနံချေးဖြင့် ရှစ်နာရီခန့်ကြာအောင် ပြုတ်ထားကြောင်း သိရှိရပါသည်။ ဝါး၏ပုံမှန်သက်တမ်းထက် လေး၊ငါးဆခန့်ရှိသဖြင့် ကြာရှည်ခံ နည်းပညာ၏ အကျိုးအာနိသင်ကို လက်တွေ့သိရှိနိုင်ပါသည်။

ကြာရှည်ခံ ဆေးအမျိုးမျိုးရှိသကဲ့သို့ ကြာရှည်ခံဆေးဖြင့် ပြုပြင်နည်း အမျိုးမျိုးရှိသည်။ အဓိကအားဖြင့် သာမန် ဆေးသွင်းနည်းများ (Non-Pressure Methods)နှင့် ဖိအားသုံးဆေးသွင်းနည်းများ (Pressure Methods)ဟူ၍ နှစ်မျိုး ခွဲခြားထားသည်။ အသုံးပြုသည့်နည်း၊ အသုံးပြုသည့် ဆေးအမျိုးအစားနှင့် သစ်သားကို အသုံးပြုသည့် ဒေသ၊ ပတ်ဝန်းကျင်ပေါ်တွင်မူတည်၍ သက်တမ်းကွာခြားမှု ရှိသည်။

ဆေးသွင်းရလွယ်သော သစ်မျိုးများကို သာမန်ဆေးသွင်းနည်းများ အသုံးပြု၍ ဆေးသွင်းရခက်ခဲသော သစ်မျိုးများကို ဖိအားသုံးဆေးသွင်းနည်းများ အသုံးပြုရန်ဖြစ်သည်။ သစ်သားအတွင်းသို့ ဆေးဝင်ရောက်မှု (Depth of penetration)များလေလေ ကြာရှည်ခံဆေးကို ပိုမိုကြာမြင့်စွာ ထိန်းချုပ်ထားနိုင်လေဖြစ်သည်။ ဆေးသွင်းရ လွယ်ကူခက်ခဲမှု (Treatability)ကို အုပ်စု ငါးစုခွဲခြား၍ သတ်မှတ်လေ့ရှိသည်။ စမ်းသပ်ခဲ့သော လူသုံးနည်း သစ်မျိုး ၅၄ မျိုးအနက် ဘိုင်၊ ထွဘုတ်၊ ငွေး၊ ခုသန်၊ မျောက်ငို၊ မျောက်သွေးကြီး၊ မျောက်သွေးသေး၊ တောင်မဲအုပ်နှင့် သဖန်းသစ်မျိုးများသည် ဆေးသွင်းရ အလွန်လွယ်ကူသော (Very Easy)အုပ်စုတွင် လည်းကောင်း၊ ဘင်္ဂ၊ ဒီဒူး၊ မြားဆိပ်၊ လိန်၊ လက်ပန်၊ မအူလက်တံရှည်၊ ဖျောက်ဆိပ်၊ လျှော်၊ တောသရက်၊ သစ်ပန်းကန်၊ ရင်းတိုက်နှင့် ရင်းစပ်သစ်မျိုးများသည် ဆေးသွင်းရ လွယ်ကူသော (Easy)အုပ်စုတွင်လည်းကောင်း၊ နှော၊ မျောက်ချော၊ တောင်ဥသျှစ်နှင့် တောင်သရက် သစ်မျိုးများသည် ပျမ်းမျှအနေအထား ရှိသည့်(Average)အုပ်စုတွင် လည်းကောင်း၊ ချင်ယုတ်၊ နဘဲ၊ ထောက်ကြံ့၊ တောင်ဖက်ဝင်၊ သစ်ဆိမ့်၊ သစ်ဆွဲလဲနှင့် ဓောင်းပလေးသစ်မျိုးများသည် ဆေးသွင်းရာတွင် အတော်အတန်ခက်ခဲသော (Moderately Difficult) အုပ်စုတွင် လည်းကောင်း၊ ဘုံမဲစာ၊ ထွနီ၊ ကြို့၊ ကုက္ကို၊ လယ်စ၊ ဖန်ခါး၊ စစ်၊ သံတော၊ သင်္ဂဒူး၊ သစ်ကတိုး၊ သစ်မန်ကျည်း၊ သစ်ဖယောင်း၊ ရင်းမာနှင့် ရုံးသစ်မျိုးများသည် ဆေးသွင်းရ ခက်ခဲသော (Difficult) အုပ်စုတွင် လည်းကောင်း၊ ကြက်ရိုး၊ ဖက်သန်း၊ ပျဉ်းမ၊ ဆိတ်ချေး၊ တောင်ပိန္နဲ၊ သပြေ၊ သဒီနှင့် ယမနေသစ်မျိုးများသည် ဆေးသွင်းရ အလွန်ခက်ခဲသော(Very Difficult) အုပ်စုတွင် လည်းကောင်း အသီးသီး ပါဝင်ကြောင်း စမ်းသပ် တွေ့ရှိခဲ့သည်။

သစ်ကြာရှည်ခံ နည်းပညာဖြင့် ပြုပြင်ထားသော သက်တမ်း ၂၈ နှစ်ရှိပြီ ဖြစ်သည့် ဝါးကြွပ်တဲ။

ထို့ကြောင့် မြန်မာ့လူသုံးနည်း သစ်မျိုးများ ပိုမိုတွင်ကျယ်စွာ အသုံးပြုရေးတွင် အဓိက ကဏ္ဍတစ်ခုဖြစ်သည့် သစ်ကြာရှည်ခံ နည်းပညာပြန့်ပွားရေးကို ဦးတည်လျက် မိတ်ဆက်အနေဖြင့် ရေးသားဖော်ပြအပ်ပါသည်။ ။

ငါးနှစ်သာခံမည့် ခြံတိုင်များကို ကြာရှည်ခံအောင် ပြုပြင်ပေးခြင်းဖြင့် ၁၅ နှစ်ခံမည်ဆိုပါက သုံးစွဲသူအတွက် ကုန်ကျစရိတ်သက်သာသကဲ့သို့ နိုင်ငံတော်၏ အဖိုးတန်သစ်တော သယံဇာတများကိုလည်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းပေးရာရောက်။

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြို့နယ်၊ ရပ်ကွက်နှင့် လမ်းများရှိ အမှိုက်များ အမြန်ရှင်းလင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ခြင်းနှင့် ပညာပေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းသည် ဧပြီ ၂၁ရက် နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန် အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့၌ ဆောင်ရွက်လျက်ရှိသည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် နံနက်၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိလာရာ ရုံးခန်းမ၌ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့်တာဝန်ရှိသူများက သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဝမ်းပျက်ဝမ်းလျှော

ထို့နောက် တိုင်းမှူးက မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရေကစားသူများ၊ ရေပက်ခံယာဉ်များကြောင့် မြို့နယ်၊ ရပ်ကွက်များနှင့် လမ်းများ၌ ကျန်ရှိခဲ့သည့် အမှိုက်များကို အမြန်ရှင်းလင်း ကြရန်နှင့်သွေးလွန်တုပ်ကွေးရောဂါနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ခြင်းနှင့် ပညာပေးခြင်း လုပ်ငန်းများကို ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့ပြီး ထိရောက်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်နှင့် ကန်မြောက်ရပ်ကွက်များအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အထက်ပန်းဆိုးတန်းလမ်းတစ်လျှောက်ရှိ လမ်းဘေးရေနုတ်မြောင်းနှင့် လမ်းဖြတ် ရေနုတ်မြောင်းများ အတွင်းရှိ အမှိုက်၊ ရွှံ့နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု

ဆက်လက်၍ တိုင်းမှူးသည် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း(၃)လမ်း တစ်လျှောက် လမ်းဘေးရေနုတ်မြောင်းများ ဆယ်ယူခြင်းနှင့် အမှိုက်များ ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ရေစီးရေလာ

ယင်းနောက် တာဝန်ရှိသူများက ဒဂုံမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သွေးလွန်တုပ်ကွေး ရောဂါနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက်အတွင်း ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းနေမှု၊ အမှိုက်များ ရှင်းလင်းနေမှု၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးသရုပ်ပြသမှုနှင့် ကျန်းမာရေး ပညာပေးဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏အရှေ့ဘက်သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌သတ္တဌာန ဗုဒ္ဓါနုဿတိ ကိုးရက်စခန်းအဓိဋ္ဌာန်ပွဲနှင့် သတ္တဌာန ဗုဒ္ဓခုနစ်ဆူ ဘုရားရှင်များအား ဓာတ်ကြီးလေးပါးဆွမ်းကပ်လှူပွဲကို ဧပြီ ၂၁ ရက်က ယင်းကျောင်းတိုက်၌ ကျင်းပရာ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ အာသဘအရှင်သူမြတ်က အဓိဋ္ဌာန်တရားတော်များ ဟောကြားချီးမြှင့်စဉ်။ (ဝ၅၂)

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်းနေ ကွယ်လွန်သူ မိခင် ဒေါ်တင်တင်ဦး (၃၅)နှစ်ပြည့်အား ရည်စူး၍ ခင်ပွန်း ဦးချစ်သောင်း၊သားကြီး ဦးဉာဏ်ဝင်း၊သားလတ် ဦး မောင် မောင် ခ– ဒေါ် သက် သက် ဝင်း၊ သမီး ဒေါ်ဝင်းသီဂီ မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်) အဓိဋ္ဌာန်ပွဲ

ရန်ကုန် ဧပြီ ၂၃

မဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်သည် ရန်ကုန်မြို့သို့ ကြွရောက်ပြီး ဝိပဿနာတရားများကို ဟောကြားပြသမည်ဖြစ်သည်။ ပထမပတ်အဓိဋ္ဌာန်ပွဲကို မေ ၄ ရက် ညနေပိုင်းမှ ၁၁ ရက် နံနက်ပိုင်းအထိလည်းကောင်း၊ ဒုတိယပတ် အဓိဋ္ဌာန်ပွဲကို မေ ၁၁ရက် ညနေပိုင်းမှ ၁၈ရက် နံနက်ပိုင်းအထိ လည်းကောင်း ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသူများသည် ကပ္ပိယကာရကအဖွဲ့ရုံး ဖုန်း–၆၃၈၀၈၈နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပေါင်မြို့နယ်၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၇)ဖွင့်ပွဲကို မတ် ၂၉ရက်က နတ်ကြီးချောင်ကျေးရွာ ဘဝတန်ဆောင်စာကြည့်တိုက်ခန်းမတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာကြည့်တိုက်မိတ်ဆက်နှင့် မျိုးတူစုမိတ်ဆက်တို့ကို လည်းကောင်း၊ စာထောက်(၃) ဒေါ်အေးမြင့်က စာအုပ်မှတ်ပုံတင်ခြင်းနှင့် စာအုပ်ငှားရမ်းခြင်းကိုလည်းကောင်း ပို့ချကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ဟိုပင်မြို့၌ အခြေခံအဆင့်ရှေးဦးသူနာပြုသင်တန်းဖွင့်

ကချင်ပြည်နယ် ဟိုပင်မြို့မြသီတာအထက်တန်းကျောင်း(ခွဲ)၏ ၂၀၀၇ ခုနှစ် အခြေခံအဆင့် ရှေးဦးသူနာပြုသင်တန်း ၁/၂၀၀၇ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂ရက် နံနက် ၉နာရီက အဆိုပါကျောင်းရှိ ကျောက်စိမ်းရတနာခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာနှင့်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပတ်ဝန်းကျင်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုဆောင်ရွက်ခြင်းလုပ်ငန်းကို မတ် ၂၅ရက်က ပြုလုပ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်းဆောင်ရွက်ကြသည်။ (ဝ၂၆)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းညှိနှိုင်း

ထီးချိုင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကွင်းဆင်းညှိနှိုင်းဆွေးနွေးပွဲကို မတ်၂၁ရက် မွန်းတည့် ၁၂နာရီက ဆင်ဖြူဆိပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးမြလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးတင်ဝင်းသိန်းတို့က ကျေးရွာချင်းဆက်သွယ်မှုလမ်းများ၊ တံတားများ ကောင်းမွန်ရေး၊ ခရိုင်ချင်းဆက်သွယ်သည့် ကားလမ်းမပေါ်ရှိ တံတားများ တည်ဆောက်ရေး၊ ကျေးရွာစာကြည့်တိုက်များ အဆောက်အအုံရရှိရေး၊ စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုး တိုးတက်ရေး၊ ကျေးလက်နေပြည်သူများ ပညာရည်မြင့်မားရေး၊ စာဖတ်ဝိုင်းများ ဆောင်ရွက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး စသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

လင်းရောင်ခြည်စာကြည့်တိုက် စာဖတ်ပွဲကျင်းပ

မုံရွာမြို့နယ် ကျောက္ကာမြောက်ကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက် စာဖတ်ပွဲ အခမ်းအနားကို မတ်၃ရက် မွန်းလွဲ ၂ နာရီက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပရာ ကျေးရွာအုပ်စုဥက္ကဋ္ဌဦးကျော်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ချစ်နိုင်(စိတ်ပညာ)၏ **အလင်းတံခါးများဖွင့်ကြပါလေ** ဆောင်းပါးကို စာကြည့်တိုက်ကော်မတီဝင် ဦးမင်းသူကလည်းကောင်း၊ ကြယ်ဖြူ၏ **ခေတ်မီတပ်မတော်တည်ဆောက်ရေးသည် အမျိုးသားရေးတာဝန် ဖြစ်သည်** ဆောင်းပါးကို ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်သီသီနိုင်ကလည်းကောင်း၊ ချစ်နိုင်(စိတ်ပညာ)၏ **ကျေးလက်ကို အခြေခံကြရမည်** ဆောင်းပါးကို ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကျေးရွာစည်းရုံးရေးမှူး ဦးကျော်သူကလည်းကောင်း၊ ချစ်နိုင်(စိတ်ပညာ)၏ **စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး** ဆောင်းပါးကို ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးမိစံကလည်းကောင်း ဖတ်ကြားကြသည်။

(ခရိုင် ပြန်/ဆက်)

နွေရာသီအားကစားသင်တန်းများ သီပေါမြို့နယ်တွင်ဖွင့်လှစ်

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးဌာနက ကြီးမှူးဖွင့်လှစ်သော ၂၀၀၇ ခုနှစ် နွေရာသီအားကစား သင်တန်းများ ဖွင့်ပွဲ အခမ်းအနားကို ဧပြီ၃ရက် နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းက နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်ရခြင်းအကြောင်းနှင့် စီမံချက်ကို ရှင်းလင်းပြောကြားသည်။

အားကစား သင်တန်းတွင် ဘောလုံး၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ အေရိုးဗစ်နှင့် ကြက်တောင်ရိုက်ကစားခြင်းများ ပါဝင်ပြီးသင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။ (၁၀၆)

ကြက်ငှက်တုပ်ကွေးရောဂါ မြင်းမူ၌ ပညာပေး

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအကြောင်း လုပ်ငန်းရှင်များအား ပညာပေးဟောပြောပွဲ အခမ်းအနားကို မတ် ၂၆ရက် နံနက် ၁၁နာရီက မြင်းမူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရွှေပြည်သစ်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနေဝင်းက ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပေါ်လာပုံနှင့် ကာကွယ်ရေးနည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်များကို ပညာပေးဟောပြောသွားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနေဝင်းနှင့် တာဝန် ရှိသူများက ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းတပ်စည်ပင်အမှုဆောင်အရာရှိ အရည်အသွေးမီ သောက်သုံးရေရရှိရေး ကွင်းဆင်းညှိနှိုင်း

ချင်းပြည်နယ် မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဆွေးအုပ်တို့သည် ဧပြီ ၂ ရက်က ကျေးလက်ရေပေးရေးဆောင်ရွက် ပြီးစီးသည့် ကျေးရွာများသို့ ကွင်းဆင်း၍ ရေသွယ်တိုင်၊ ရေကန်နှင့် ရေပိုက်လိုင်းများ ကောင်းမွန်ကြံ့ခိုင်မှုနှင့် ကျေးလက်နေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး သတ်မှတ်အရည်အသွေး ပြည့်မီသောသောက်သုံးရေ ရရှိသုံးစွဲမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လမ်းတံတားများ ပြင်ဆင် ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ရန် ကျေးရွာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

(မြို့နယ်စည်ပင်)

နားခါးရွာတွင် ကဗျာရွတ်ဆိုပြိုင်

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ် ကဗျာရွတ်ဆိုပြိုင်ပွဲကို မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီက အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာအုပ်စု နားခါးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးချစ်စရာက အမှာစကားပြောကြားပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌထံသို့ နားခါးရွာစာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကဗျာဝါသနာရှင် ၂၄ဦးက ကဗျာရွတ်ဆိုပြိုင်ပွဲဝင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။ (၁၃၃)

အကျိုးရလဒ်များစွာ ဖော်ဆောင်ပေးမည့် ဒိုက်ဦး-စစ်တောင်း မီးရထားလမ်း ရာသီမရွေး သွားလာနိုင်မည်ဖြစ်၍ စီးပွားရေးကူးလူးဆက်ဆံမှု တိုးတက်

ဒေသခံပြည်သူတို့၏ မျက်နှာများဝယ် ပီတိပြုံးများဖြင့် ပျော်မဆုံးရှိနေ

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၃

ခရီးသည်များ သွားလာရေးလွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့စေရေးအပြင် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသော ရထားလမ်းများ ဖောက်လုပ်မှုကို မြန်မာ့မီးရထားက အစွမ်းကုန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

၃၈မိုင်လျော့

ယခုအသစ်ဖောက်လုပ်လိုက်သော ဒိုက်ဦး-စစ်တောင်း မီးရထားလမ်းသည် ၂၄မိုင်သာရှိရာ ၃၈မိုင်လျော့နည်းသွားခဲ့သည်။ ထို့အပြင် ယခုကဲ့သို့ မီးရထားလမ်းသစ်ဖောက်လုပ်နိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံအောက်ပိုင်း ထားဝယ်မြို့မှ လှစ်ပေးလိုက်ပြီဖြစ်သည်။ ထို့ကြောင့် ဒိုက်ဦး-စစ်တောင်း မီးရထားလမ်း ဖောက်လုပ်နိုင်ခဲ့မှုမှာမြန်မာနိုင်ငံအောက်ပိုင်းရှိ ထားဝယ်-မော်လမြိုင်မှ နေပြည် မြစ်ကျိုးဘူတာရုံများကို ဖြတ်သန်းကာ ဆပ်သွားကုန်းဘူတာသို့ မွန်းလွဲ၁ နာရီ ၇မိနစ်တွင်ရောက်ရှိပြီး မော်လမြိုင်သို့ ဆက်လက်ခုတ်မောင်းမည် ဖြစ်သည်။

ထို့အတူ မော်လမြိုင်မှ နေ့စဉ် နံနက်၇နာရီမှစတင်ထွက်ခွာသော လူစီးရထားသည် ဆပ်သွားကုန်း ဘူတာသို့ မွန်းလွဲ၁နာရီတွင် ရောက်ရှိပြီး ဒိုက်ဦးဘူတာသို့ ညနေ ၃ နာရီခွဲ၌ ဆိုက်ရောက်မည်ဖြစ်သည်။ ထို့နောက် နေပြည်တော်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

အဓိကဆောင်ရွက်ခဲ့

ဒီရထားလမ်း စီမံကိန်းကို စတင်အကောင်အထည်ဖော်ချိန်နဲ့ ဖောက်လုပ်ပြီးစီးချိန်က တစ်နှစ်ကျော်လောက်ပဲ ကြာပါတယ်။ ရထားလမ်းပိုင်း ဖောက်လုပ်ရေးမှာ တာပေါင် မြေကြီးလုပ်ငန်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ဘူတာများ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရထားသံလမ်းခင်းခြင်းလုပ်ငန်းတို့ အဓိက ဆောင်ရွက်ခဲ့ရပါတယ်။

ဦးဇော်မင်းဦး
စီမံကိန်းအင်ဂျင်နီယာ

ရပ်တန့်ပေးမည်

ယခု အသစ် ဖွင့်လှစ်လိုက်သော ဒိုက်ဦး-စစ်တောင်း မီးရထားလမ်းမှ ပြေးဆွဲမည့် နေပြည်တော်-မော်လမြိုင် ရထားသည် လမ်းခရီးတွင် တောင်ငူ၊ ဒိုက်ဦး၊ အိမ်ခြေလေးဆယ်၊ ပလစ်၊ မင်္ဂလွန်း၊ မြစ်ကျိုး၊ ဖက္ကလိပ်၊ ဆပ်သွားကုန်း၊ ကျိုက်ထို၊ သထုံနှင့်ပေါင် ဘူတာများ၌ ရပ်တန့်ပေးသွားမည် ဖြစ်သည်။

အဆင်ပြေ

ဒိုက်ဦး-စစ်တောင်းမီးရထားလမ်းပိုင်းအတွင်းရှိ ဒေသခံကျေးရွာများမှ ခရီးသွားပြည်သူများအတွက် အထူးရပ်နားစခန်းများမှ ခရီးသည်အဆင်းအတက်များပြုလုပ်နိုင်ရေးအတွက်လည်း စီစဉ်ပေးထားသဖြင့် ရထားဖြင့်ခရီးသွားလာရေးတွင် အတတ်နိုင်ဆုံး အဆင်ပြေအောင် စီစဉ်ပေးထားသည်။

ဒိုက်ဦး-စစ်တောင်းမီးရထားလမ်းပိုင်းအကြားရှိ ကျေးရွာပြည်သူများအနေဖြင့် ယခင်က မိုးရာသီ၌ ရေလွှမ်းနေခဲ့သဖြင့် ဒေသထွက်ကုန်များ အဆင်ပြေစွာမပို့ဆောင်နိုင်မှုကြောင့် စီးပွားရေး ထိခိုက်မှုများကိုလည်း ယခုအခါ ကျော်လွှားနိုင်ခဲ့ပြီဖြစ်သည်။ ရာသီမရွေး နေ့စဉ် သွားလာဆက်သွယ်နိုင်ပြီဖြစ်သဖြင့် စီးပွားရေး ကူးလူးဆက်ဆံမှု တိုးတက်များပြားကာ ဒေသဖွံ့ဖြိုးရေးမှာလည်း အချိန်တိုအတွင်း ရရှိလာမည်ဖြစ်သည်။

ကျေးဇူးတင်ဝမ်းမြောက်

ဒိုက်ဦး-စစ်တောင်း ရထားလမ်း ဖောက်လုပ်ပေးနိုင်ခဲ့မှုမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးသာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုလျက်ရှိသည်ဖြစ်ရာ ဒိုက်ဦး-စစ်တောင်း မီးရထားလမ်း ဖွင့်လှစ်ခဲ့သည့်နေ့က အခမ်းအနား တက်ရောက်လာသောပြည်သူများနှင့် ကျေးရွာသားများက နှုတ်မှ ကျေးဇူးတင် ဝမ်းမြောက်ကြောင်းစကားများ တဖွဖွ ပြောကြားခဲ့ကြသည်။

ဆောင်ကြဉ်းပေး

ခရီးသွားလာရမှုလမ်းခရီးတိုတောင်းသွားခြင်း၊ အချိန်ကုန်သက်သာခြင်း၊ ခရီးစရိတ်ကုန်ကျမှု သက်သာခြင်း၊ ထားဝယ်-နေပြည်တော်-မန္တလေး-မြစ်ကြီးနားအထိ တစ်ဆက်တစ်စပ်တည်း ခရီးသွားလာနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုခြင်းစသည့် အကျိုးရလဒ်များကို ဖော်ဆောင်ပေးသည့် ဒိုက်ဦး-စစ်တောင်း ရထားလမ်းကား အကျိုးရလဒ်ပေါင်းများစွာကို ဆောင်ကြဉ်းပေးမည့် ရထားလမ်းဖြစ်ပါကြောင်း ကွင်းဆင်းရေးသား ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဆိုက်ရောက်

နေပြည်တော်မှ ဒိုက်ဦးဘူတာသို့ ဆိုက်ရောက်လာသော ရထားအားတွေ့ရစဉ်။

ပျော်မဆုံး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းက မေ ၂၁ ရက်တွင် ဒိုက်ဦး-စစ်တောင်း ရထားလမ်းသစ်ကို ဖွင့်လှစ်ပေးခဲ့ရာ ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်းများစွာမှ ပြည်သူများ ပျော်မဆုံးအောင် ရှိခဲ့သည်။

ပီတိပြုံးများ

ရာသီမရွေးသွားလာရေးနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးတို့တွင် လွယ်ကူ လျင်မြန်ကာ မိမိတို့ဒေသတိုးတက်ဖွံ့ဖြိုးရေးမှာ အချိန်တိုအတွင်းဖြစ်ထွန်း လာတော့မည်ကို အတွေးဖြင့်ကြည်နူးနေကြသောဒေသခံပြည်သူတို့၏ မျက်နှာများက ပီတိပြုံးများ တဝေဝေဖြင့် ရှိနေခဲ့ကြသည်။

ယခင်က ဒိုက်ဦး-ပဲခူး-စစ်တောင်းလမ်းခရီးသည် ခရီး ၆၂မိုင် ရှည်ပြီး ရထားဖြင့် ခရီးသွားလျှင် ဒိုက်ဦးမှ ပဲခူးသို့သွားကာ ပဲခူးမှ စစ်တောင်းသို့ ရထားပြောင်းစီးရမည်ဖြစ်သည်။ အချိန်လည်းကုန်ပြီး ခရီးလည်းရှည်ခဲ့၊ အချိန်ကုန်လူပန်း ဖြစ်ခဲ့ကြရသည်။

မြန်မာနိုင်ငံ အထက်ပိုင်း မြစ်ကြီးနားမြို့အထိ တိုင်းရင်းသား ပြည်သူများ တောက်လျှောက် ခရီးသွားလာနိုင်ကြပေပြီ။

ထိုသို့ ခရီးသွားလာနိုင်ရန်အတွက် မြန်မာ့မီးရထားအနေဖြင့် မေ ၂၂ရက်မှ စတင်က နေပြည်တော်-ဒိုက်ဦး-မော်လမြိုင်ရထားခရီးစဉ်ကို စတင်ဖွင့် တော်အပါအဝင် မြန်မာနိုင်ငံ အထက်ပိုင်းအထိ ပြည်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်ကြပြီဖြစ်သည်။

ကျေးရွာပြည်သူများ ကြိုဆိုနှုတ်ဆက်

မင်္ဂလွန်းဘူတာမှ ကျေးရွာပြည်သူများက ရထားကို ဤသို့ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

စတင်ပြေးဆွဲနေ

ဒိုက်ဦး-စစ်တောင်းမီးရထားလမ်းကို အခြေပြုလျက် နေပြည်တော်မှ မော်လမြိုင်သို့ အမြန် လူစီးရထားတစ်စင်းနှင့် မော်လမြိုင်-နေပြည်တော် အမြန် လူစီးရထားတစ်စင်းကို မေ ၂၂ရက်မှ စတင်ပြေးဆွဲနေပြီဖြစ်သည်။ နေပြည်တော်-မော်လမြိုင်ရထားသည် နေ့စဉ် နေပြည်တော်မှ နံနက် ၅ နာရီခွဲတွင် စတင်ထွက်ခွာကာ ဒိုက်ဦးဘူတာသို့ နံနက် ၁၀ နာရီ၄၅မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါရထားသည် ဒိုက်ဦးဘူတာမှ ၁၀နာရီ၄၇ မိနစ်တွင်ထွက်ခွာကာ ပလစ်၊ မင်္ဂလွန်း၊

ရထားစီးပြီး ဘုရားဖူးမည်

အသွားက လေးအိမ် စု မှာ တစ်သက်လုံး နေလာခဲ့တာပါ၊ ရထားကို မြင်ဖူးပေမယ့် တစ်ခါမှ မစီးဖူးပါဘူး၊ အခုမှရထားစီးပြီး ဘုရားဖူးသွားရမယ်။ ဒါ့ကြောင့် ဝမ်းသာလို့ ဘာဆက်ပြောရမှန်းတောင် မသိတော့ပါဘူး။

ဒေါ်ကြည်၊ လေးအိမ်စုကျေးရွာ

ထိုင်ခုံများ

ဒိုက်ဦးဘူတာရုံ၌ ခရီးသွားပြည်သူများ နားနေနိုင်ရန် ထိုင်ခုံများကို ဤသို့ ဆောင်ရွက်ပေးထားသည်။

အားကစားကွင်း၊ အားကစားရုံများ ရေရှည်တည်တံ့ရန်ထိန်းသိမ်း မျိုးဆက်သစ် အားကစားသမားများ ရှာဖွေဖော်ထုတ်

နေပြည်တော် ဧပြီ ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၁၈ ရက် နံနက် ၈နာရီက ပြင်ဦးလွင်မြို့ ခရိုင်အားကစားကွင်းနှင့် အားကစားခန်းမကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ၂၀၀၇ခုနှစ် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင် တာလတ်နှင့်တာဝေး ပြေးခုန်ပစ် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တွေ့ဆုံအားပေးစကား ပြောကြားကာ အင်အားဖြည့် စားသောက်ရန် ငွေကျပ်တစ်သိန်း ထောက်ပံ့ပေးအပ်သည်။

စခန်းသွင်းလေ့ကျင့်

မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ်သည် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် တစ်နှစ်ပတ်လုံး စခန်းသွင်းလေ့ကျင့်လျက်ရှိရာ ပူပြင်းသည့် နွေရာသီတွင် လေ့ကျင့်မှု မပြတ်စေရေးအတွက် ပြင်ဦးလွင်မြို့တွင် အုပ်ချုပ်သူ၊ နည်းပြ ငါးဦး၊ အားကစားသမား ၂၂ ဦးတို့ လာရောက်စခန်းသွင်း လေ့ကျင့်နေခြင်းဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ဧပြီ၁၉ရက်တွင် နောင်ချို၊ ကျောက်မဲနှင့် သီပေါမြို့ရှိ အားကစားကွင်းများနှင့် ကျောက်မဲမြို့ အားကစားခန်းမဆောက်လုပ်မည့် နေရာကို ကြည့်ရှုစစ်ဆေးပြီး လားရှိုးမြို့ရှိ ဆင်းရွှေလီဘိုးဘွားရိပ်သာကို သွားရောက်ကြည့်ရှုကာ ဝန်ကြီးနှင့်မိသားစုက ဘိုးဘွားများအား ငွေကျပ်တစ်သိန်း လှူဒါန်းကန်တော့သည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဝန်ကြီးသည် လားရှိုးမြို့ရှိ အားကစားကွင်း၊ အားကစားခန်းမများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်က ချမှတ်ထားသည့် အားကစားဆိုင်ရာ မူဝါဒများနှင့် ဝန်ကြီးဌာနမှ ချမှတ်ထားသည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှာဖွေဖော်ထုတ်

ဝန်ကြီးသည် ဧပြီ ၂၀ ရက်တွင် ကွတ်ခိုင်၊ သိန္နီမြို့များမှ အားကစားကွင်းများနှင့် အားကစားခန်းမများကို ကြည့်ရှုစစ်ဆေးကာ အားကစားကွင်း၊ အားကစားရုံများရေရှည်တည်တံ့ကောင်းမွန်အောင် ထိန်းသိမ်းရေးနှင့် အလားအလာရှိသော မျိုးဆက်သစ် အားကစားသမားများ ရှာဖွေဖော်ထုတ်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မူဆယ်မြို့ရှိ ပြည်ထောင်စု အားကစားကွင်းနှင့် မြို့နယ်အားကစားကွင်းကို လည်းကောင်း၊ တင်းနစ်အားကစားကွင်းကို လည်းကောင်း၊ မျိုးဆက်သစ်အားကစားသမားများနှင့် တင်းနစ်အားကစား ဝါသနာရှင်များ၏ လေ့ကျင့်ကစားနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့ မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အင်းလျားရိပ်သာ အမှတ်(၅၂)နေ ဒေါ်စန်းစန်းမြင့်၏ (၇၅)နှစ်ပြည့်မြောက် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် မြန်အောင်အရှင်ကောသလ္လ (BA)(မွှာစရိယ) ဗုဒ္ဓဂယာထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ချောက်မြို့နယ် ကိုင်းထောက်ကန်ကျေးရွာ စက်ရေတွင်းဖွင့် ငွေကျပ်သိန်း ၁၃၀ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့

ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံပြီ

ချောက် ဧပြီ ၂၂

မကွေးတိုင်း ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည်၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးခဲ့သော ချောင်းတက်ကျေးရွာအုပ်စု ကိုင်းထောက်ကန်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ရက် နံနက်၉နာရီက အဆိုပါ စက်ရေတွင်းဖွင့်ပွဲ မုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက စက်ရေတွင်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးရွာပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနေရှင်းတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(အပေါ်ပုံ)** စက်ရေတွင်းသစ်ကို ကြည့်ရှုစစ်ဆေးရာ ကျေးရွာသူ၊ ကျေးရွာသားများ စက်ရေတွင်းရေကို တပျော်တပါး ခပ်ယူနေကြသည်ကို ကြည့်ရှုအားပေးကြသည်။

တစ်နာရီရေဂါလန် ၂၀၀၀ ထွက်ရှိ

အဆိုပါ စက်ရေတွင်းသည် ငွေကျပ်သိန်း ၁၃၀ ကုန်ကျခဲ့ပြီး လေးလက်မအရွယ် အနက်ပေ ၆၄၀၊ ရေမြှုပ်ပန့် တပ်ဆင်ထားပြီး တစ်နာရီလျှင် ရေဂါလန် ၂၀၀၀ ထွက်ရှိသဖြင့် ကိုင်းထောက်ကန်ကျေးရွာနေ ပြည်သူများသည် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ဧပြီ၁ရက်က(င)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မန္တလေးအသင်း(ရန်ကုန်)ကြီးမှူး သံဃာတော်များ ဆွမ်းလောင်းလှူ

မန္တလေး ဧပြီ ၂၃

မန္တလေးအသင်း (ရန်ကုန်)မှ အမှုဆောင်များသည် မန္တလေးမြို့သို့ သွားရောက်၍ မန္တလေးမြို့ရှိ အသင်းနာယကများ၊ ဌာနေကိုယ်စားလှယ်များနှင့်အတူ ဧပြီ ၁၈ ရက် (မြန်မာနှစ်ဆန်းနှစ်ရက်) နံနက် ၅ နာရီက မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအရှေ့မုခ်၌ ဘုရားကြီးစောင်းတန်း ပါရမီ ဆွမ်းလောင်းအသင်းနှင့် ပူးပေါင်း၍ လည်းကောင်း၊ ၂၆ လမ်း ချမ်းသာကြီး ဆန်လှူအသင်းတွင် ပွဲကုန်းလူငယ်ဆွမ်းလောင်းအသင်းနှင့် ပူးပေါင်း၍ လည်းကောင်း စုစုပေါင်းသံဃာအပါး ၁၀၀၀ ကျော်တို့အား ဆွမ်း၊ ငါးခြောက်ကြော်၊ ဘဲဥဟင်း၊ ကုလားပဲနှပ်၊ သရက်ချဉ်၊ ငါးသလောက်ပေါင်း ဆွမ်းဟင်းနှင့်အတူ စည်ကားသိုက်မြိုက်စွာ လောင်းလှူကြသည်။

အမှာစကားပြောကြား

ဆွမ်းလောင်းလှူပွဲအပြီးတွင် ချမ်းသာကြီးဆန်လှူအသင်း၌ မန္တလေးအသင်း(ရန်ကုန်)မှ အမှုဆောင်များသည် မန္တလေးမြို့ရှိ အသင်းနာယကများ၊ ဌာနေကိုယ်စားလှယ်များ၊ စာနယ်ဇင်းသမားများနှင့် တွေ့ဆုံပွဲကျင်းပရာ ရှေးဦးစွာ မန္တလေးအသင်း(ရန်ကုန်) ဒုတိယဥက္ကဋ္ဌဦးဖေသန်းက အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ငါးသလောက်ပေါင်းဆွမ်းဟင်းအလှူရှင် အသင်းတွဲဖက်အတွင်းရေးမှူး ဦးတီတိုး(မြန်မာ-မန်း)က ငါးသလောက်ပေါင်း ဆွမ်းဟင်းလောင်းလှူရခြင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး ဒေါ်မြင့်မြင့်စိန်က အသင်း၏ လှုပ်ရှားဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တွဲဖက်အတွင်းရေးမှူး ဦးကျော်စံက မန္တလေးအသင်း(ရန်ကုန်) ရတနာပုံ အနုပညာခန်းမတွင် ကျင်းပမည့် Road To Mandalay ဓာတ်ပုံပြပွဲအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

အကျဉ်းဦးစီးဌာန ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၃

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ ဒုတိယအကြိမ်မြောက် သားငယ်၊ သမီးငယ်များ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၇နာရီခွဲက အောင်မင်္ဂလာခန်းမ၌ ကျင်းပရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်နွယ်နီစမ်း၊ ထောင်အုပ်စု ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် ၎င်းတို့၏ ဇနီးများ တက်ရောက်ကြသည်။

ထောက်ပံ့

အခမ်းအနားတွင် အကျဉ်းဦးစီးဌာန မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်နွယ်နီစမ်းက အမှာစကားပြောကြားပြီး သားငယ်၊ သမီးငယ်များသို့ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်ခန်းစာ စာအုပ်၊ ဗလာစာအုပ်နှင့် ဘောပင်များကို ထောက်ပံ့ပေးအပ်သည်။ **(ဝဲပုံ)**

သင်ကြားပို့ချ

သင်တန်းသို့ အကျဉ်းဦးစီးဌာနမှ မိသားစုဝင် သားငယ် ၅၂ဦး၊ သမီးငယ်၈၄ဦး စုစုပေါင်း ၁၃၆ဦးတို့ တက်ရောက်ကြပြီး အင်းစိန်မြို့ ဓမ္မဝါဒီစာသင်တိုက်မှ သီလရှင် ဘဒ္ဒဝတီနှင့် သီလရှင်များက မေ ၅ ရက်အထိ နေ့စဉ်နံနက်၈နာရီမှ ၉နာရီခွဲအထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် နေပြည်တော်-မော်လမြိုင်-နေပြည်တော် အမြန်ရထားကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

လက်ပြနှုတ်ဆက်

ထို့နောက် မော်လမြိုင်-နေပြည်တော် အမြန်ရထားသည် နံနက် ၇ နာရီတွင် မော်လမြိုင်ဘူတာမှ နေပြည်တော်သို့ စတင်ထွက်ခွာသွားရာ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဘူတာစင်္ကြံမှနေ၍ လက်ပြနှုတ်ဆက်ကြသည်။

အဆိုပါ မော်လမြိုင်-နေပြည်တော် အမြန်ရထားသည် နံနက် ၇ နာရီတွင် မော်လမြိုင်ဘူတာမှ စတင်ထွက်ခွာ၍ နေပြည်တော်သို့ ည ၉ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

အမွှေးနံ့သာပက်ဖျန်း

အလားတူ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက နေပြည်တော်-မော်လမြိုင်-အမြန်ရထားခရီးစဉ် စတင်ပြေးဆွဲသည့် အခမ်းအနားကို

မော်လမြိုင်-နေပြည်တော် အမြန်ရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

စတင်ပြေးဆွဲ

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် နေပြည်တော်-မော်လမြိုင် အမြန်ရထားဖြင့် လိုက်ပါစီးနင်းကြမည့် ရဟန်းရှင်လူ ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြပြီး အမြန်ရထား စတင်ပြေးဆွဲခြင်းအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့သည် နေပြည်တော်မှ မော်လမြိုင်သို့ စတင်ထွက်ခွာမည့် အမြန်ရထား စက်ခေါင်းအမှတ် (RBE-3606) ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နေပြည်တော်-မော်လမြိုင် အမြန်ရထားသည် နေပြည်တော်-မော်လမြိုင် ခရီးသည် ၁၀၄ ဦး၊ နေပြည်တော်-ကျိုက်ထိုခရီးသည်၅၇ဦးနှင့် အခြားဘူတာများသို့ ခရီးသည် ၃၀ စုစုပေါင်း နေပြည်တော်မှ လိုက်ပါစီးနင်းသည့် ခရီးသည် ၁၉၁ ဦးတို့အား တင်ဆောင်ပြီး ပျဉ်းမနားဘူတာမှ နံနက် ၅ နာရီခွဲတွင် စတင်ထွက်ခွာရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဌာန

ဖြစ်သည့် ပဲခူးမှတစ်ဆင့် သွားလာသည်ထက် ယခု ရထားလမ်းကြောင်းသည် ခရီးအကွာအဝေး ၃၈ မိုင် လျော့နည်းသွားကြောင်း သိရသည်။

လက်မှတ်များကြိုတင်ရောင်းချ

နေပြည်တော်-မော်လမြိုင်-နေပြည်တော် ခရီးစဉ်တွင် လမ်းခရီး ဘူတာများဖြစ်သည့် တောင်ငူ၊ ဒိုက်ဦး၊ အိမ်ခြေလေးဆယ်၊ ပလစ်၊ မင်္ဂလွန်း၊ မြစ်ကျိုး၊ ဖက္ကလိပ်၊ ဆပ်သွားကုန်း၊ ကျိုက်ထို၊ သထုံနှင့် ပေါင်ဘူတာတို့၌ ရပ်တန့်ပေးမည်ဖြစ်ပြီး ပထမတန်း လက်မှတ်များကို သုံးရက်ကြိုတင်၍ လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်များကို တစ်ရက်ကြိုတင်၍ လည်းကောင်း၊ လက်ကျန်လက်မှတ်များကို ရထားမထွက်ခွာမီ နှစ်နာရီ ကြိုတင်၍ လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။ နေပြည်တော်-မော်လမြိုင်-နေပြည်တော် ခရီးစဉ်အတွက် ရိုးရိုးတန်းထိုင်ခုံ လက်မှတ်ခမှာ ငွေကျပ် ၁၁၅၀ ကျပ်နှင့် ပထမတန်းထိုင်ခုံ လက်မှတ်ခမှာ ငွေကျပ် ၁၄၂၀ ဖြစ်သည်။

ကြိုးပမ်းဆောင်ရွက်

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နေပြည်တော်နှင့် ဒေသအသီးသီးသို့ ခရီးသွားလာမှု လွယ်ကူလျင်မြန်စေရန် နေပြည်တော်-ရန်ကုန်-နေပြည်တော် ခရီးစဉ်ကို

*** ကျောဖုံးမှ**

တက်ရောက်အားပေး

အဆိုပါအခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တပ်မတော် အရာရှိကြီးများ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့မီးရထား တိုင်းအမှတ်(၈)မှ တိုင်းမန်နေဂျာနှင့် ဝန်ထမ်းများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မော်လမြိုင်မြို့ပေါ်ရှိ ရပ်ကွက်များမှ မြို့မိမြို့ဖများနှင့် ခရီးသွား ပြည်သူများ တက်ရောက်အားပေးကြသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က မော်လမြိုင်-နေပြည်တော် အမြန်ရထား စတင်ပြေးဆွဲခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ မော်လမြိုင်-နေပြည်တော် စတင်ပြေးဆွဲမည့် ခရီးစဉ်တွင် လိုက်ပါကြမည့် ခရီးသွားပြည်သူများအား လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း၊ ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက မော်လမြိုင်မြို့မှ နေပြည်တော်သို့ စတင်ပြေးဆွဲသည့် မော်လမြိုင်-နေပြည်တော် အမြန်ရထားစက်ခေါင်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် မော်လမြိုင်-နေပြည်တော် အမြန်ရထားပေါ်သို့ တက်ရောက်ကြ၍ ရထားတွဲဆိုင်းများ၏ ကြံ့ခိုင်မှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မော်လမြိုင်မှ နေပြည်တော်သို့ စတင်ပြေးဆွဲမည့် ခရီးစဉ်တွင် လိုက်ပါကြမည့် ရဟန်းရှင်လူ ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ မော်လမြိုင်-နေပြည်တော် အမြန်ရထားဖြင့် လိုက်ပါသွားကြသည့် ခရီးသွားပြည်သူများအား ဘူတာစင်္ကြံမှ လက်ပြနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ယမန်နေ့နံနက်ပိုင်းက ပျဉ်းမနားဘူတာ၌ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင် တက်ရောက်၍ နေပြည်တော်-မော်လမြိုင် အမြန်ရထားဖြင့် လိုက်ပါစီးနင်းကြမည့် ရဟန်းရှင်လူခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အမြန်ရထား စတင်ပြေးဆွဲခြင်းအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကိုပေးအပ်ကာ အမြန်ရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

အဆိုပါ အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်ရှိ မြန်မာ့မီးရထားနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသူများနှင့် ခရီးသွားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့က နေပြည်တော်-

ဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် မြန်မာ့မီးရထားမှ ဝန်ထမ်းများက နှုတ်ဆက်ကြသည်။

လိုက်လံရှင်းလင်းပြသ

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်သည် ပျဉ်းမနားဘူတာ အမှတ် (၁)စင်္ကြံ၌ ဒစ်ဂျစ်တယ် ဗွီနိုင်းဓာတ်ပုံဖြင့် မှတ်တမ်းတင်၍ ခင်းကျင်း ပြသထားသော မြန်မာ့မီးရထားက ကိုယ်ပိုင်တည်ဆောက်ပြီးစီးခဲ့သည့် စက်ခေါင်းအမှတ် (DF,1200-01) ၏ ဆက်စပ် အစိတ်အပိုင်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က လိုက်လံရှင်းလင်းပြသသည်။

စတင်ပြေးဆွဲသည့် နေပြည်တော်-မော်လမြိုင် အမြန်ရထားသည် နေပြည်တော်မှ နေ့စဉ် နံနက် ၅ နာရီခွဲတွင် လည်းကောင်း၊ မော်လမြိုင်မှ နေ့စဉ် နံနက် ၇ နာရီတွင်လည်းကောင်းထွက်ခွာမည်ဖြစ်ပြီး နေပြည်တော်-မော်လမြိုင်-နေပြည်တော် ခရီးစဉ်အတွက် ယမန်နေ့က ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် ဒိုက်ဦး-ဆပ်သွားကုန်း ရထားလမ်းသစ်ကို အသုံးပြု၍ ပြေးဆွဲသွားမည်ဖြစ်ရာ ယခင်ပုံမှန်ရထားလမ်းကြောင်း

၂၀၀၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် လည်းကောင်း၊ နေပြည်တော်-ပုဂံ-နေပြည်တော် ခရီးစဉ်ကို ၂၀၀၆ ခုနှစ် မေ ၁၈ ရက်တွင်လည်းကောင်း၊ နေပြည်တော်-ပြည်-နေပြည်တော် ခရီးစဉ်ကို ၂၀၀၆ ခုနှစ် မေ ၂၅ ရက်တွင်လည်းကောင်း၊ နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးစဉ်ကို ၂၀၀၆ ခုနှစ် ဇွန် ၇ ရက်တွင် လည်းကောင်း၊ နေပြည်တော်-သာစည်-မိတ္ထီလာ-မြင်းခြံ ခရီးစဉ်ကို ၂၀၀၆ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် လည်းကောင်း အသီးသီးစတင်ပြေးဆွဲပေးခဲ့ပြီး နေပြည်တော်မှတစ်ဆင့် ပဲခူးတိုင်း (အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ ဒေသခံပြည်သူများ ခရီးသွားလာမှု လွယ်ကူစေရန် နေပြည်တော်-မော်လမြိုင်-နေပြည်တော် အမြန်ရထားခရီးစဉ်သစ်ကို ထပ်မံတိုးချဲ့ ပြေးဆွဲခြင်းဖြစ်သည်။ ယင်းနေပြည်တော်-မော်လမြိုင်-နေပြည်တော် အမြန်လူစီးရထားများအတွက် မြင်းကောင်ရေ ၁၈၀၊ အင်ဂျင်နှစ်လုံးစီ တပ်ဆင်ထားသော (Diesel Motorized Unit) တွဲများကို ချိတ်ဆက်၍ အသုံးပြုကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၀၇
(အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာတရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၇း၄၅	ကလောမှာထင်ရှား ရွှေဥမင်ဘုရား
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	Sunday Talk
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	မျက်စိအတွင်းတိမ် ရေတိမ်ရောဂါအကြောင်း သိကောင်းစရာ (ဒေါက်တာထွန်းအောင်ကျော်)
၉း၃၅	Music Gallery (စည်းတဖက်ခြား-R.[illegible]ဇာနည်)
၉း၅၅	သစ်ရွက်ဆွေး သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲပါ (ဝိုင်းစုခိုင်သိန်း)
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၅	ပတ္တလားနှင့်နစ္စဂီတတေးပဒ္ဒင်
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	JOSEPH HAYDAN ၏ (၂၇၅)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်ဖျော်ဖြေပွဲ (National Symphony of Orchestra)
၁၁း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
၁၀း၃၀	မိုးလေဝသခန့်မှန်းချက်
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	ကမ္ဘာမြေကိုကာကွယ်ဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့ (အပိုင်း-၁)
၁၂း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၅	တံတားမြစ်ငယ် အသစ်သွယ် လူမှုစီးပွားကြွယ်
၁း၀၀	MRTV-4 အပိတ်Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၃၀	Man:Utd-AC Milan	5-Sports (Live)

စတုဘုမ္မိက တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂၃

နတ်တလင်းမြို့နယ် တာပွန်စံပြကျေးရွာ လယ်ပြင်လမ်း စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တမနှင့် ဘဒ္ဒန္တကုမာရ (သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ) နှင့် စတုဘုမ္မိက သာသနာပြန့်ပွားရေး အကျိုးဆောင်အဖွဲ့တို့က ၄က်တွင်းဆရာတော်ကြီး ဥပနိဿယအတိုင်း ခုနစ်ရက်တရားစခန်းကို ဧပြီ ၃၀ ရက်မှ မေ ၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ညစဉ် ဓမ္မကထိကဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တသာသန ပြည်ဆရာတော်၊ ဘဒ္ဒန္တကုမုဒ မအူပင်ဆရာတော်၊ ဘဒ္ဒန္တမေဓာဝံသ ဥသျှစ်ကုန်းဆရာတော်၊ ဘဒ္ဒန္တသုစိတ္တ ကံဘဲ့ဆရာတော်တို့က ညစဉ် တရားတော်များ ဟောကြားပြသတော်မူမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၂၉ ရက် ကြိုတင် ရိပ်သာဝင်ကြရမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကွန်ကရစ်ဇလီဖားစက်ရုံ (မုတ္တမ) ပန္နက်တင်မင်္ဂလာကျင်းပ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးအတွက် တည်ဆောက်ခြင်းဖြစ်

နေပြည်တော် ဧပြီ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက သံလွင်တံတား(မော်လမြိုင်)အနီး မုတ္တမဘက်ကမ်း၌ တည်ဆောက်မည့် ကွန်ကရစ် ဇလီဖား စက်ရုံ (မုတ္တမ)ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက အဆိုပါစက်ရုံ တည်ဆောက်မည့်မြေနေရာ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်၍ ပန္နက်တိုင်များ ရိုက်သွင်းပေးသည်။

အဆိုပါ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများနှင့် မင်္ဂလာစည်တော်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပန္နက်တိုင်ရိုက်သွင်း

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေတို့သည် ပန္နက်တိုင်များကို ရိုက်သွင်းပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ရွှေမိုးငွေမိုး

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကွန်ကရစ် ဇလီဖားစက်ရုံ(မုတ္တမ)ပန္နက်တင် မင်္ဂလာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။

အစားထိုး

ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပသည့် ကွန်ကရစ် ဇလီဖားစက်ရုံ(မုတ္တမ) မှ ထုတ်လုပ်သော ကွန်ကရစ်ဇလီဖားများကို နေပြည်တော်-ဒိုက်ဦး-စစ်တောင်း-မော်လမြိုင်-ရေး-ထားဝယ် ရထားလမ်းပိုင်းတွင် အဆင့်မြှင့်တင်ရေးအတွက် သစ်သားဇလီဖားတုံးများနေရာ၌ ကွန်ကရစ် ဇလီဖားတုံးများကို အစားထိုးအသုံးပြုနိုင်ရန် တည်ဆောက်

ပန္နက်တင်

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကွန်ကရစ်ဇလီဖားစက်ရုံ(မုတ္တမ) တည်ဆောက်မည့် မြေနေရာတွင် ပန္နက်တင်စဉ်။ (ရထား)

သွားခြင်းဖြစ်ပြီး ယင်းဇလီဖားတုံးများကို အသုံးပြုပါက ရထားလမ်းပိုင်းများမှာ ယခင်ကထက်ပိုမို ကြံ့ခိုင်သွားမည့်အပြင် ရထားလမ်းဘေးတွင် အနီးကပ်စက်ရုံ တည်ဆောက်ခြင်းကြောင့် လမ်းပိုင်းအဆင့်မြှင့်ရာတွင် သယ်ယူပို့ဆောင်မှု စရိတ်သက်သာခြင်း၊ လမ်းပိုင်းအတွင်းသို့အချိန်တိုတွင်း ရောက်ရှိအောင် ပို့နိုင်၍ အချိန်ကုန်သက်သာခြင်းစသည့်အကျိုးကျေးဇူးများ ရရှိကြောင်းသိရှိရသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ရှင်းလင်းဆောင်၌ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များအား မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ အထွေထွေမန်နေဂျာ ဦးသီဟန်က တည်ဆောက်မည့် ကွန်ကရစ်ဇလီဖားစက်ရုံ(မုတ္တမ)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အထူးအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အထူးအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်နိုင်က ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်မြို့တွင်း အချက်အချာ မီးပွိုင့်များ၌ CCTV ၊ Red Light ကင်မရာများ တပ်ဆင်မည့် ကုမ္ပဏီများနှင့် ဌာနဆိုင်ရာများက ဆွေးနွေးတင်ပြကြပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ယဉ်ကျေးလိမ္မာ စာရိတ္တပညာသင်တန်းဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ယဉ်ကျေးလိမ္မာစာရိတ္တပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက သင်တန်းဖွင့်အမှာ စကားပြောကြားပြီး ယဉ်ကျေးလိမ္မာ စာရိတ္တပညာစာအုပ်များကို ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြထံ ပေးအပ်သည်။

ဖွင့်လှစ်သွားမည်

အဆိုပါ သင်တန်းသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ ၁၆၀ တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှ ဧပြီ ၂၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ယဉ်ကျေးလိမ္မာစာရိတ္တပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဓမ္မဗျူဟာ (ပဲခူး) အခြေခံပဋ္ဌာန်းကျင့်စဉ်သင်တန်း

ရန်ကုန် ဧပြီ ၂၃

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ ပဲခူးမြို့က ကြီးမှူး၍ ပဲခူးမြို့ ဥဿာမြို့သစ် ဘုရင့်နောင်လမ်းရှိ လူပုဂ္ဂိုလ်များဆိုင်ရာ ပရိယတ်-ပဋိပတ် သင်တန်းကျောင်းတွင် သင်တန်းမှူး ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)သည် မေ ၁ ရက်မှ ၃ ရက်အထိ အခြေခံပဋ္ဌာန်းကျင့်စဉ်သင်တန်းကို ဓမ္မဒါနပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူများသည် ဖုန်း-၀၅၂-၂၃၁၉၉ သို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဧပြီ ၂ ရက်က တိပိဋကရေမ္မဘဏ္ဍာရိုဂါက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏ (၅၂)နှစ်ပြည့် မွေးနေ့မင်္ဂလာနှင့် စာအောင်သံဃာတော်များ ဂုဏ်ပြုမင်္ဂလာ၊ စာပေဆုရနှင့် သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များအားဂုဏ်ပြု မင်္ဂလာအခမ်းအနားကို တိပိဋကမဟာဂန္ဓဝင် နိကယ်ကျောင်းတိုက်၌ ကျင်းပရာ ဦးဆောင်နာယက ဦးစောကြိုင်က သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (က-ပ)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့ သောက်သုံးရေပေးဝေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ရန်ကုန်မြို့တော် သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်စက်မှုလမ်း၌ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်လျက်ရှိသော ရေပိုက်လိုင်းများ သွယ်ယူနေမှုလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းနှင့် တာဝန်ရှိသူများက ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း) ၊ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်များနှင့် ဒဂုံမြို့သစ် (တောင် ပိုင်း)စက်မှုဇုန်များ သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရေးအတွက် မြောက်ဥက္ကလာပမြို့နယ် စက်မှုလမ်း၊ ဝဲ၊ ယာနှင့် ငမိုးရိပ်ချောင်းကိုဖြတ်၍ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တို့ကို ဆက်သွယ်ထားသည့် ကွန်ကရစ်တံတားမှ ဖြတ်သန်း၍ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဗိုလ်မှူးဗထူးလမ်းတစ်လျှောက် အချင်း ၁၆ လက်မရှိ ကြိုတင်အားဖြည့် ကွန်ကရစ်နှင့် သံမဏိရေပိုက်လိုင်းများ သွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံ ရှင်းလင်းပြသကြရာ မြို့တော်ဝန်က ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်၍ စေတနာထားဆောင်ရွက်ရေးမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ရေပိုက်လိုင်းသွယ်ယူခြင်း လုပ်ငန်းမှာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၊ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စက်မှုဇုန်များ မကြာမီ သောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်နှင့် မြောက်ဥက္ကလာပမြို့နယ်သို့ ဆက်သွယ်ပေးပို့မည့် ရေပိုက်လိုင်း ဆက်သွယ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဘိဓမ္မာသင်တန်း ဖွင့်မည်

ရန်ကုန် ဧပြီ ၂၃

ဆုတောင်းပြည့် မယ်လမုစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ အဘိဓမ္မာသင်တန်းကို (၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်) ဧပြီ ၂၈ ရက် (စနေနေ့)မှစ၍ အပတ်စဉ်(စနေ၊ တနင်္ဂနွေ) မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ စေတီတော်အတွင်း သင်တန်းခန်းမတွင် ပို့ချပေးမည်ဖြစ်ရာ ရဟန်း ရှင်လူ မည်သူမဆို တက်ရောက်နိုင်ပြီး ဂေါပကအဖွဲ့ရုံး ဖုန်း-၆၆၁၂၈၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အဘိဓဇဆွမ်းစားကျောင်း ရေစက်ချပွဲ အထူးဓမ္မသဘင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်အတွင်း ခုနစ်ရက်သားသမီး ကျောင်းဒါယကာ ဒါယိကာမများ စုပေါင်းလျက် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သော အဘိဓဇဆွမ်းစားကျောင်းတော်ကြီးကို ၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၁၄ ရက် (ဧပြီ ၂၉ ရက်၊ တနင်္ဂနွေနေ့)တွင် ရေစက်သွန်းချ လှူဒါန်းမည်ဖြစ်သည်။

အကြို အထူးညတရားပွဲများ ပြုလုပ်မည်ဖြစ်ရာ ဧပြီ ၂၅ ရက် မေတ္တာအေး ဆရာတော် ဘဒ္ဒန္တသုဇာတ၊ ၂၆ ရက်တွင် သီတဂူကြယ်တစ်ပွင့် ဆရာတော် ဘဒ္ဒန္တပညာနန္ဒ၊ ၂၇ ရက်တွင် ဆင်ဖြူတောင်ဆရာတော် ဘဒ္ဒန္တဂုဏိန္ဒတို့ဖြင့် ကျင်းပမည်ဖြစ်သည်။ အဘိဓဇဆွမ်းစားကျောင်းတော်ကြီး ရေစက်ချပွဲသို့ အလှူရှင် ကျောင်းဒါယကာ ဒါယိကာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ တရုတ်–ပါကစ္စတန် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မည်

ပေကျင်း မေ ၂၃

တရုတ်–ပါကစ္စတန်နိုင်ငံအကြား ပညာရေးနှင့် လေ့ကျင့်ရေး၊ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ အပြန်အလှန် တိုးမြှင့်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ကြရန် မေ ၂၀ရက်က ပေကျင်းမြို့၌ ထုတ်ပြန်သော နှစ်နိုင်ငံ ပူးတွဲကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။

လေ့ကျင့်

နှစ်နိုင်ငံအကြားစီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍများ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားလုပ်ငန်းများတွင် ပါကစ္စတန်နိုင်ငံသား၁၃၀ကို လေ့ကျင့်သင်တန်းပေးသွားရန် သဘောတူညီကြသည်။

လေ့လာဆည်းပူး

ပါကစ္စတန်နိုင်ငံတွင် စက်မှုနည်းပညာတက္ကသိုလ်တစ်ခု ထူထောင်ပြီး နှစ်နိုင်ငံမှ ကျောင်းသားများနှင့် ပညာရှင်များအတွက် ပညာတော်သင်များ လေ့လာဆည်းပူးနိုင်ရန် တရုတ်နိုင်ငံက အကူအညီ ပေးမည်ဖြစ်သည်။

တရုတ်နိုင်ငံရှိ ပီကင်းတက္ကသိုလ်နှင့် စီချွမ်တက္ကသိုလ်တို့၌ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ရောက်ရှိ

ပါကစ္စတန်ဝန်ကြီးချုပ် ရှော့ကက်အဇစ်သည် တရုတ်နိုင်ငံသို့ မေ ၂၃ ရက်တွင် ရောက်ရှိမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ကျန်စုပြည်နယ်၌ အပြည်ပြည်ဆိုင်ရာ ခရီးသွားပွဲတော် အထိမ်းအမှတ်အဖြစ် လှေပြိုင်ပွဲကျင်းပနေသည်ကို မေ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် စပိန်နှင့်တောင်အာဖရိက ကာကွယ်ရေးဝန်ကြီးများ သဘောတူ

ဂျိုဟန်နစ္စဘတ် မေ ၂၃

တောင်အာဖရိကနှင့် စပိန် နှစ်နိုင်ငံတို့သည် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုတစ်ရပ်ကို မေ ၁၉ ရက်၌ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

ရေးထိုး

အဆိုပါ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လက်မှတ်ရေးထိုးခြင်းကို စပိန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တောင်အာဖရိကနိုင်ငံ ကာကွယ်ရေးဝန်ကြီး မိုစီယူရာလီကိုတာနှင့် စပိန်ကာကွယ်ရေးဝန်ကြီး ဂျို့အင်တိုနီရိုအလုန်ဆိုဆူရာရက်ဇ်တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

ထို့အပြင် နှစ်နိုင်ငံတို့အနေဖြင့် အခြားကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားကြရေးကိုလည်း အစပျိုးခဲ့ကြကြောင်း တောင်အာဖရိက ကာကွယ်ရေးဝန်ကြီး လီကိုတာ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

စေလွှတ်ရေး

တောင်အာဖရိက စစ်ဘက်အရာရှိများ စပိန်နိုင်ငံတွင် သင်တန်းတက်ရောက်ရန်အတွက် လာမည့်နှစ်တွင် စပိန်နိုင်ငံသို့ စေလွှတ်ရေးအသင့်ရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကနေဒါတွင် ကားခေါင်းချင်းဆိုင်တိုက် ငါးဦးသေဆုံး

အော့တဝါ မေ ၂၃

ကနေဒါနိုင်ငံအရှေ့ပိုင်းတွင် ကားနှစ်စီးခေါင်းချင်းဆိုင်တိုက်မိမှုကြောင့် လူငါးဦးသေဆုံးခဲ့ကြောင်းမေ၂၀ရက်တွင် ရဲတပ်ဖွဲ့ကထုတ်ဖော်ပြောကြားခဲ့သည်။

တိုရန်တိုမြို့၏ အရှေ့မြောက်ဘက် ၁၂၅ ကီလိုမီတာအကွာရှိ အွန်တာရီယိုပြည်နယ်အရှေ့ပိုင်း ပီတာဘိုရပ်ဂျ်မြို့အနီးတွင် မေ ၁၉ ရက် ဒေသစံတော်ချိန် ညသန်းခေါင်ယံကျော်ချိန်တွင် အဆိုပါ မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း ယင်းပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။ အရှေ့ဘက်သို့ သွားသောကားနှင့် အနောက်ဘက်သို့ သွားသောကားတို့သည် ပီတာဘိုရပ်ဂျ်မြို့၏ အရှေ့ဘက်၄ကီလိုမီတာအကွာ အဝေးပြေး လမ်းမကြီးပေါ်တွင် တိုက်မိခဲ့ကြသည်။ ယာဉ်နှစ်စီးစလုံးပေါက်ကွဲပြီး မီးလောင်ကျွမ်းမှုကြောင့် ကားပေါ်ပါသူများမှာ ထွက်ခွာရန်အချိန်မရလိုက်ကြကြောင်း သတင်းတွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ချီလီတောင်ပိုင်း၌ အင်အားပြင်း ငလျင်လှုပ်

ဆန်တီယာဂို မေ ၂၃

ချီလီနိုင်ငံတောင်ပိုင်းတွင် မေ ၂၁ရက်က အင်အားပြင်းထန်သော ငလျင်လှုပ်မှုကြောင့် အနည်းဆုံးလူ၁၀ဦးပျောက်ဆုံးနေပြီး လျှပ်စစ်မီးများ ပြတ်တောက်ခြင်း၊ မြေပြိုခြင်းနှင့် ၎င်းနိုင်ငံ၏ ပစိဖိတ်ကမ်းရိုးတန်းတွင် ကြီးမားသော လှိုင်းလုံးကြီးများကို ဖြစ်ပေါ်စေခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

ဆန်တီယာဂိုမြို့တော်၏ တောင်ဘက် မိုင် ၈၂၀အကွာကို ဗဟိုပြု၍ ကွိုင်ဟိုင်ကီမြို့အနီးတွင် ဒေသစံတော်ချိန် မွန်းလွဲ၁နာရီမိနစ်၅၀၌ အင်အား ၆ ဒသမ ၂ရှိ ငလျင်လှုပ်ခဲ့သည်။

ပြိုကျ

အစကနဦးတွင် အပျက်အစီး မရှိဟု ထင်ကြရသည်။ နောက်ပိုင်းတွင် အစိုးရသဘာဝဘေးအန္တရာယ်ဌာန အိုနီမီက ယင်းငလျင်ကြောင့် ဆော်လမွန်ပါးမွေးမြူရာ ဒေသတွင်းသို့ လှိုင်းလုံးကြီးများဖြစ်ပေါ်စေသည့် မြေစိုင်မြေခဲကြီးများ ပြိုကျမှု ဖြစ်ပွားခဲ့သော်လည်း ဆူနာမီဖြစ်ပေါ်ခဲ့ခြင်း မရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပျောက်ဆုံး

စစ်တပ်လှည့်ကင်းများနှင့် ရဲတပ်ဖွဲ့များသည် ပျောက်ဆုံးနေသည့် လူ ၁၀ဦးအား ရှာဖွေလျက်ရှိကြောင်း၊ ၎င်းတို့သည် လှိုင်းများ ဖြစ်ပွားခဲ့ရာနေရာအနီးရှိ ပင်လယ်ပြင်တွင် ပျောက်ဆုံးသည်ဟု ယူဆရကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အပြင်းထန်ဆုံး

မေ ၂၁ရက်က လှုပ်ခဲ့သော ငလျင်သည် မကြာသေးမီလများက ယင်းဒေသတွင်လှုပ်ခဲ့သည့် ရာပေါင်းများစွာသော ငလျင်များအနက် အပြင်းထန်ဆုံးဖြစ်သည်။ ချီလီနိုင်ငံသည် ငလျင်များ လှုပ်လွယ်လေ့ရှိသော ရှည်လျားသည့် နိုင်ငံဖြစ်သည်။

အမ်အင်န်အေ၊ ရိုက်တာ

ငါးဖမ်းသင်္ဘော မီးလောင်

ဆန်တီယာဂို မေ ၂၃

ဖာရိုးကျွန်းစုမှ ပိုက်ဆွဲသင်္ဘောသည် မေ ၂၁ရက်ကချီလီကမ်းခြေတွင် မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံးတစ်ဦးသေဆုံးပြီး ၁၁ဦးပျောက်ဆုံးနေကြောင်းအာဏာပိုင်များက ပြောကြားသည်။

ဟာကျူလီအမည်ရှိ အဆိုပါယာဉ်၏ စက်ခန်းတွင် မေ၁၉ရက် နှောင်းပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာလူ၁၀၀ ကျော်အား ဘေးလွတ်ရာသို့ အားချင်းပို့ဆောင်ခဲ့ရသည်ဆိုသည်။

ယင်းသင်္ဘောမှအဖွဲ့ကို ချီလီနိုင်ငံတောင်ပိုင်းကမ်းရိုးတန်းဧရိယာအတွင်းမှ နိုင်ငံခြားငါးဖမ်းသင်္ဘောများကကယ်တင်ခဲ့ရကြောင်း ရေတပ်နှင့် ဒေသတွင်း မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်စစ်ပွဲအား ဘုရှ်ကိုင်တွယ်မှု ဗားမောင့် ပြည်နယ်အမတ် ဝေဖန်ပြစ်တင်

ဘော့စတွန် မေ ၂၃

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ အီရတ်နိုင်ငံအား ကိုင်တွယ်ဆောင်ရွက်မှုအပေါ် ဗားမောင့်ပြည်နယ်လွှတ်တော်အမတ်က အမေရိကန်ကွန်ဂရက်သို့ မေ ၂၀ ရက်က ပြစ်တင်ပြောဆိုလိုက်သည်။

ပြသနေခြင်းဖြစ်

ထိုသို့ အမေရိကန်သမ္မတ၏ အီရတ်နိုင်ငံအား ကိုင်တွယ်ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ဗားမောင့်ပြည်နယ် ဆီးနိတ်အမတ်က ဝေဖန်ပြောဆိုခဲ့ခြင်းမှာ အောက်ခြေအဆင့်တွင် အီရတ်စစ်ပွဲအပေါ် မကျေနပ်မှုများ ကြီးထွားလာနေခြင်းကို ပြသနေခြင်းဖြစ်သည်။

တိုက်တွန်း

ထို့အပြင် ဆန္ဒမဲပေးသူများကလည်း ဗားမောင့်ကိုယ်စားလှယ်များကို သမ္မတဘုရှ်နှင့် ဒုတိယသမ္မတ ဒစ်ချေနီတို့အား ဆန့်ကျင်လျက် စွပ်စွဲပြစ်တင်မှု စတင်ဆောင်ရွက်ရန် ကွန်ဂရက်သို့ တိုက်တွန်းလိုက်သည်။

အဆိုပါ ဗားမောင့်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က အီရတ် နိုင်ငံအား ဒီမိုကရေစီစနစ်ထွန်းကားရေး ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ဝေဖန်ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လက်လေးချောင်းနှင့်စန္ဒရားတီး

လက်နှစ်ဖက်တွင် လက်ချောင်း လေးချောင်းသာရှိသော တောင်ကိုရီးယား မိန်းကလေးငယ်တစ်ဦး စန္ဒရားတီးနေစဉ်။

(ယာပုံ)

တရုတ်နိုင်ငံ ရှန်စီပြည်နယ် စီအင်မြို့တွင်ပြုလုပ်သည့် မီဒီယာကွန်ဖရင့်တစ်ခု၌ အသက် ၂၀ အရွယ်ရှိ တောင်ကိုရီးယား အမျိုးသမီးငယ် လီဟေးအက်က မွေးရာပါလက်ချောင်းလေးချောင်းဖြင့် စန္ဒရားကို ကျွမ်းကျင်စွာ တီးခတ်ပြခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ခြေထောက် လေးချောင်းရှိသောဘဲ

ခြေထောက်အပိုနှစ်ချောင်းပါရှိသော ဘဲတစ်ကောင်ကို တွေ့ရစဉ်။ (ဝဲပုံ)

အင်္ဂလန်နိုင်ငံတောင်ပိုင်း ဆောက်သမ်ပတန်မြို့အနီး ဘဲမွေးခြံ တစ်ခု၌ လွန်ခဲ့သော သီတင်းသုံးပတ်က မွေးဖွားခဲ့သောဘဲလေးတစ်ကောင်သည် အခြားဘဲများနှင့်မတူ ခြေထောက်လေးချောင်းပါရှိခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ပြည်သူများအား နွေးထွေးစွာကြိုဆို၊ စေတနာဖြင့်စောင့်ရှောက် ဆက်ဆံရေးပြေပြစ်ပြီးလူနာများ အားကိုးသည့် ဆေးရုံဖြစ်ရန်လုပ်ဆောင်

ရန်ကုန် ဧပြီ ၂၃

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့်သည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ အထူးကုဆေးရုံကြီးသို့ သွားရောက်၍ လူနာများအား ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေနှင့်ဆေးရုံတိုးချဲ့ဆောက်လုပ်မှု လုပ်ငန်းအခြေအနေများကို သွားရောက်စစ်ဆေးသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အထူးကုဆေးရုံကြီး ပြင်ပလူနာဌာန၊ အမျိုးသားလူနာကုသဆောင်၊ တိုးချဲ့ဆောင်၊ နှစ်သိမ့်ဆွေးနွေးပညာပေးခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲစမ်းသပ်မှုဌာန၊ ဓာတ်မှန်ခန်း၊ ရင်ခွဲရုံ၊ အမျိုးသမီးလူနာတိုးချဲ့ကုသဆောင်၊ အမျိုးသမီးလူနာ ကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးက ဓာတ်ခွဲခန်းပစ္စည်းများ၊ လူနာစုတင်နှင့်မွေ့ရာ၊ Test Kit များကို ဖြည့်ဆည်းပေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးဒေါက်တာကျော်မြင့်သည် အထူးကုဆေးရုံ (မင်္ဂလာဒုံ) အစည်းအဝေးခန်းမ၌ ဝေဘာဂီအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်ဦးနှင့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ရန်ကုန်တိုင်းကျန်းမာရေးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံရာ ရှေးဦးစွာ ဝေဘာဂီအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်ဦးက အထူးကုဆေးရုံ (မင်္ဂလာဒုံ)၏အထူးကုဆေးရုံအဆောက်အအုံ တိုးချဲ့ဆောက်လုပ်မှု အခြေအနေနှင့် ဖွဲ့စည်းပုံအင်အား အခြေအနေ၊ လူနာများအား ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးသည် နိုင်ငံတော်က ရင်းနှီးဖြည့်ဆည်းဆောင်ရွက်ပေးသည့် ဆေးရုံ၊ ဆေးပေးခန်းများအနေဖြင့် ပြည်သူလူထုကျန်းမာရေးကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အမျိုးသားကျန်းမာရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက် ကုသပေးသွားကြရမှာဖြစ်ကြောင်းနှင့် ပြည်သူများအား နွေးထွေးစွာ ကြိုဆို၍ စေတနာဖြင့် စောင့်ရှောက်ကုသပေးရန်လိုကြောင်း၊ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုကောင်းအောင်ကြိုးပမ်းရာတွင် ဆက်ဆံရေးကောင်းမွန် ပြေပြစ်စေရန်နှင့် လူနာများအားကိုးသည့် ဆေးရုံဖြစ်ရန် လုပ်ဆောင်သွားကြရမှာ ဖြစ်ကြောင်း၊ ဆေးရုံ စိမ်းလန်းစိုပြည်သာယာရေးကို ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားပြီးဝန်ကြီးက လိုအပ်သောဆေးရုံသုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မင်္ဂလာဒုံမြို့နယ် အထူးကုဆေးရုံကြီးတွင် လူနာများအား ကျန်းမာရေး စောင့်ရှောက်ပေးမှုနှင့် ဆေးရုံတိုးချဲ့ ဆောက်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(ကျန်းမာရေး)

■ ကျောဖုံးမှ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်တို့သည် ယနေ့ညနေ ၄နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ တွေ့ဆုံ၍ မြန်မာ–ကမ္ဘောဒီးယားနှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး Mr. Hul Phany တို့တက်ရောက်ကြသည်။

ကြည့်ရှုလေ့လာ

ယနေ့နံနက်ပိုင်းတွင်ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် နေပြည်တော်သို့ မလာရောက်မီ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ **(သတင်းစဉ်)**

ပဋ္ဌာန်ကာယသာသနာ့ဗိမာန်ကျောင်း သာသနာ့အာဇာနည်အရှင်မြတ်များနှင့် စာအောင်သံဃာများဂုဏ်ပြုပူဇော်မည်

ရန်ကုန် ဧပြီ ၂၃

ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးတည်ထောင်၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် (ပြည်)ဆရာတော်ဘဒ္ဒန္တကောသလ္လသီတင်းသုံးခဲ့ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသဆရာတော် ဦးဆောင်တော်မူလျက်ရှိသော ပဋ္ဌာန်ကာယသာသနာ့ဗိမာန်ကျောင်းတိုက်မှ ယခုနှစ် တိပိဋကဓရစာမေးပွဲတွင် ဝိနည်းပိဋက ရှေ့ပိုင်းနှစ်ကျမ်းကို အာဂုံဂုဏ်ထူးဖြင့်အောင်မြင်သဖြင့် ဝိသိဋ္ဌဥဘတောဝိဘင်္ဂရဘွဲ့ရရှိတော်မူကြသော အရှင်နန္ဒိယ၊ အရှင်စက္ကိန္ဒသာသနာ့အာဇာနည်အရှင်မြတ် နှစ်ပါးနှင့် ပဋ္ဌာန်ကာယသာသနနုဂ္ဂဟအသင်းစာမေးပွဲကြီး၌ ဓမ္မာစရိယတန်း(ကျမ်းစွဲ/ကျမ်းပြီး) အသီးသီးအောင်၁၇ပါး၊ ပထမကြီးတန်းအောင်ကိုးပါး၊ ပထမလတ်တန်းအောင်၁၁ပါး၊ ပထမငယ်တန်းအောင် ကိုးပါးတို့အား ဂုဏ်ပြုချီးမြှင့်ပူဇော်ပွဲကို ဧပြီ၃၀ရက် (ကဆုန်လပြည့်နေ့) နံနက်၈နာရီတွင် ရန်ကင်းပဋ္ဌာန်ကာယ သာသနာ့ဗိမာန်ကျောင်းတိုက်ကြီး၌ ကျင်းပမည်ဖြစ်ပါ၍ ဂုဏ်ပြုချီးမြှင့်ပူဇော်ရန် အလှူငွေများကို ကျောင်းတိုက်အတွင်းရှိ ပူဇော်ပွဲကျင်းပရေး အကျိုးဆောင်များထံသို့လည်းကောင်း၊ ဖုန်း–၅၆၄၄၅၅၊ ၅၆၄၄၅၆သို့လည်းကောင်း ဆက်သွယ်ပါဝင် လှူဒါန်းနိုင်ပါကြောင်းနှင့်ကြွရောက်ကြည်ညို ပူဇော်ကုသိုလ်ယူကြပါရန် ပဋ္ဌာန်ကာယသာသနနုဂ္ဂဟအဖွဲ့ အကျိုးဆောင်များက နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

NLD ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ NLD ပါတီ၏ လုပ်ရပ်များကိုလည်း စိတ်ပါဝင်စားမှုမရှိ တောင်ငူမြို့နယ်မှ ပါတီဝင်ငါးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဧပြီ ၂၃

ပဲခူးတိုင်း တောင်ငူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကန်ရိုးကျေးရွာနေ မောင်နေထွန်း၊ မောင်မောင်လေး၊ မောင်မောင်သန်းနှင့် မောင်ကိုကိုတို့အပါအဝင် ပါတီဝင်ငါးဦးသည် မတ် ၂၄ရက်က ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့်သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

တောင်ငူမြို့နယ်ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLDပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့ကြောင်း၊ NLDပါတီ၏ လုပ်ရပ်များကိုလည်း စိတ်ပါဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့၏ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၄-၄-၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၅	၆။	အကပြိုင်ပွဲ
၈:၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	မဒေးရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၆:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၀	၆။	**"အားဆေး"** (မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိမ်ခြွေထွန်း) (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၇:၁၅	၇။	ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၂၅	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၅၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သစ္စာ ဘဝပင်ခြားသော်လည်း"** (အပိုင်း–၁၃)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေး ဒုတိယချစ်ပုံပြင်"** (အပိုင်း–၄)

ပြင်ဆင်ဖတ်ရှုပါရန်

"မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ် (၀၀၈) ပုလဲတိုးချဲ့ ဖွင့်ပွဲအခမ်းအနား" သတင်းတွင် "ဓာတ်ငွေ့ဖြည့်နှုန်းမြင့်မားသည့် NGV-1 ဓာတ်ငွေ့ဖြည့်ခေါင်းများ" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

အပူချိန်

၂၃-၄-၂၀၀၇

နေပြည်တော်	၄၂	ဒီဂရီစင်တီဂရိတ်
မြစ်ကြီးနား	၃၃	ဒီဂရီစင်တီဂရိတ်
ကျိုင်းတုံ	၃၆	ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	၃၉	ဒီဂရီစင်တီဂရိတ်
မုံရွာ၊ ဟသ်ာတ	၄၀	ဒီဂရီစင်တီဂရိတ်
ညောင်ဦး၊ဘားအံ	၄၁	ဒီဂရီစင်တီဂရိတ်
မင်းဘူး၊ သာယာဝတီ	၄၂	ဒီဂရီစင်တီဂရိတ်

မြန်မာ့အလင်း အင်တာနက် ဟောင်ပိတ်သတင်း

ရုရှားသမ္မတဟောင်း ဘောရစ်ယဲ့ဆင်ကွယ်လွန်

မော်စကို ဧပြီ ၂၃

ရုရှားသမ္မတဟောင်း ဘောရစ်ယဲ့ဆင်သည် ဧပြီ ၂၃ရက်က နှလုံးရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း ကရင်မလင်က ပြောကြားသည်။

အသက် ၇၆နှစ်ရှိ ဘောရစ်ယဲ့ဆင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပထမဆုံး သမ္မတဖြစ်ခဲ့သူ ဖြစ်သည်။

ပထမဆုံး စီးပွားရေးဆိုင်ရာဒုံးပျံ အိန္ဒိယနိုင်ငံက အောင်မြင်စွာလွှတ်တင်

နယူးဒေလီ ဧပြီ ၂၃

အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော စီးပွားရေးဆိုင်ရာ ဒုံးပျံတစ်စင်းကို ဧပြီ၂၃ရက်က အာကာသသို့ အောင်မြင်စွာလွှတ်တင်လိုက်သည်။

အဆိုပါဒုံးပျံကို အိန္ဒိယနိုင်ငံတောင်ပိုင်း ဆရီဟာရီကိုတာ အာကာသအခြေစိုက်စခန်းမှ ဒေသစံတော်ချိန် ၁၅နာရီ မိနစ်၃၀တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အီတလီဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွား

၎င်းဒုံးပျံသည် အလေးချိန် ၃၅၂ကီလိုဂရမ်လေးသည့် အီတလီဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားကြောင်း၊ ယင်းဂြိုဟ်တုသည် စကြဝဠာ၏ မူလအစ ဖြစ်ပေါ်မှု သတင်းအချက်အလက်များကို စုဆောင်းသွားမည်ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

လူလိုက်ပါခြင်းမရှိ

အိန္ဒိယနိုင်ငံ၏ အာကာသအစီအစဉ်သည် လာမည့်နှစ်တွင် လကမ္ဘာသို့ လူလိုက်ပါခြင်းမရှိသော အာကာသယာဉ်လွှတ်တင်ရေး အစီအစဉ်၌ ပါဝင်သည်။

ယင်း ဒုံးပျံမှ သယ်ဆောင်သွားသော ဂြိုဟ်တုကို ပျံတက်အပြီး ၂၃မိနစ်အကြာ ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်ပေးလိုက်ကြောင်း အိန္ဒိယအာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။

အီရတ်၌ သေနတ်သမားများပစ်ခတ်မှု ၂၃ဦး သေဆုံးခဲ့

မိုဆူးလ် ဧပြီ ၂၃

အီရတ်နိုင်ငံ မိုဆူးလ်မြို့မြောက်ပိုင်း၌ ဧပြီ ၂၂ရက်က အမည်မသိသေနတ်သမားများ ပစ်ခတ်မှုကြောင့် လူ၂၃ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါပစ်ခတ်မှုမှာ အမည်မသိသေနတ်သမားများက ဘတ်စ်ကားတစ်စီးပေါ်ရှိ ယာဇီဒီလူမျိုးစုအဖွဲ့ဝင်များကိုဆွဲချပြီး လမ်းဘေးရှိ လယ်ကွင်းတစ်ကွင်းထဲ၌ သေနတ်ဖြင့်ပစ်သွားကြောင်း၊ အချို့ကို ပြန်လွှတ်ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အကောင်းဆုံးဘောလုံးသမားဆုနှင့် အကောင်းဆုံး လူငယ်ကစားသမားဆု မန်ယူမှစီရိုနယ်ဒို ဆွတ်ခူးရရှိ

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဧပြီ ၂၃

ကြေးစားဘောလုံးသမားများအဖွဲ့ချုပ်က ချီးမြှင့်သော တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုနှင့် လူငယ်ကစားသမားဆုကို မန်ချက်စတာ ယူနိုက်တက်အသင်းမှ ခရစ်စတီရာနို ရိုနယ်ဒိုက ထိုက်ထိုက်တန်တန်ဆွတ်ခူး ရရှိသွားပြီဖြစ်သည်။

ပေါ်တူဂီနှင့် မန်ယူအသင်းတို့၏ တောင်ပံနှင့် ကွင်းလယ် တိုက်စစ်မှူး ဖြစ်သူအသက် ၂၂နှစ်အရွယ်ရှိ စီရိုနယ်ဒိုသည် ယခုကဲ့သို့ တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုနှင့် အကောင်းဆုံး လူငယ်ကစားသမားဆုကို တစ်ပြိုင်နက်တည်း ရရှိခဲ့မှုသည် လွန်ခဲ့သည့် ၁၉၇၇ ခုနှစ်နောက်ပိုင်း တစ်ဦးတည်း ဆုနှစ်ဆု ရရှိသော ဘောလုံးသမားတစ်ဦး ဖြစ်လာသည်။

အကောင်းဆုံးဘောလုံးသမားဆုနှင့် အကောင်းဆုံးလူငယ်ကစားသမားဆုရ စီရိုနယ်ဒို။ (ဓာတ်ပုံ-အင်တာနက်)

အသီးသီးရရှိ

စီရိုနယ်ဒိုနှင့်အပြိုင် အကောင်းဆုံး ဘောလုံးသမားဆုအတွက် အမည်စာရင်းဝင်ခဲ့သောချယ်လ်ဆီးတိုက်စစ်မှူးဒရော့ဘာကဒုတိယရရှိခဲ့ပြီးမန်ယူ အသင်းမှကွင်းလယ်ကစားသမားပေါလ်စခိုးလ်က တတိယဆုများ အသီးသီး ရရှိခဲ့သည်။

တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုအတွက် မန်ယူမှ တောင်ပံတိုက်စစ်မှူး ရိုင်ယန်ဂစ်၊ ပြီးခဲ့သည့် ၂၀၀၆ခုနှစ်က တစ်နှစ်တာ အကောင်းဆုံးဆုရရှိခဲ့သော လီဗာပူး ကွင်းလယ် ကစားသမားစတီဖင်ဂျရတ်နှင့်အသက် ၁၉နှစ်အရွယ် အာဆင်နယ်ကွင်းလယ် ကစားသမား ဖာဘရီဂတ်စ်တို့လည်း နောက်ဆုံးဆန်ကာတင် အမည်စာရင်းဝင်ခဲ့သည်။

လှောင်ပြောင်မှုကိုခံခဲ့ရ

စီရိုနယ်ဒိုသည် ပြီးခဲ့သော ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အင်္ဂလန်နှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သောပွဲတွင်အင်္ဂလန်အသင်းမှ ရွန်နေကို အနီကတ်ဖြင့်ကွင်းအတွင်းမှ ထွက်သွားစေအောင် လုပ်ဆောင်ခဲ့သည်ဟု မြင်ကြောင်း ယခုနှစ် ဘောလုံးရာသီအစ၌ မန်ယူပရိသတ်များ၏ လှောင်ပြောင်သရော်မှုကိုခံခဲ့ရသည်။

သို့သော်လည်း စီရိုနယ်ဒိုသည် ဘောလုံးကစားခြင်းအပေါ်သာ အာရုံစူးစိုက်ခဲ့ပြီး တစ်ပွဲထက်တစ်ပွဲ ကြိုးစားခြေစွမ်းပြနိုင်ခဲ့သည့်အပြင် ကစားဖော် ရွန်နေနှင့်လည်း ဘောလုံးကွင်းအတွင်း ချစ်ကြည်ရင်းနှီးစွာဆက်ဆံခဲ့သဖြင့် မန်ယူပရိသတ်များ အမြင်ကြည်လင်ခဲ့ပြီး အားပေးချစ်ခင်မှုများ ပြန်လည်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

စွမ်းဆောင်ပေး

လောလောဆယ်တွင် မန်ယူအတွက် ယခုနှစ် ပရီမီယာလိဂ်၌ ၁၆ဂိုးသွင်းယူပေးထားနိုင်ခဲ့ပြီး မန်ယူအသင်း၏ အဓိက ဘောလုံးသမားတစ်ဦးဖြစ်လာသူလည်းဖြစ်သည်။

ထို့အတူ မန်ယူအသင်းကို ပရီမီယာလိဂ်၌ တန်းစီဇယား ထိပ်ဆုံးသို့ ပို့ဆောင်ပေးထားပြီး အက်ဖ်အေဖလားဖိုလ်လုပွဲအထိလည်း ဆောင်ကြဉ်းပေးထားသလို ချန်ပီယံလိဂ်တွင်လည်းအကြိုဖိုလ်လုပွဲရောက်အောင် စွမ်းဆောင်ပေးထားသူလည်း ဖြစ်သည်။

တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုနှင့် အကောင်းဆုံး လူငယ်ကစားသမားဆုကို တစ်ပြိုင်နက်တည်း ရရှိခဲ့မှုနှင့် ပတ်သက်၍ စီရိုနယ်ဒိုက ပြောကြားရာတွင်-

"မိမိအား ရွေးချယ် ဆုချီးမြှင့်ခဲ့မှုအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယခု ဆုချီးမြှင့်လိုက်ခြင်းသည် မန်ယူအသင်းအတွက် ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲအသီးသီး၌ ဆုဖလားများ ရရှိရန်အတွက် တွန်းအားတစ်ရပ်ပင် ဖြစ်ကြောင်း" ပြောကြားသည်။

ထို့အပြင် **"အရည်အချင်းပြည့်ဝသော ဘောလုံးသမားများစွာ အနက်မှ မိမိအားရွေးချယ်ဆုချီးမြှင့်သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မိမိအနေဖြင့် ဘောလုံးကစားမှုအပေါ် အာရုံစူးစိုက်မှု အပြည့်ထားရှိသွားမှာဖြစ်ပြီး ဘောလုံးကစားမှုကျွမ်းကျင်ထက်မြက်နေအောင်လည်း အမြဲတမ်းကြိုးစားသွားမည်ဖြစ်ကြောင်း၊ မန်ယူအသင်းကို အောင်မြင်မှုများစွာရရှိအောင် မိမိအတတ်နိုင်ဆုံး ကြိုးစား စွမ်းဆောင်ပေးသွားမည် ဖြစ်ကြောင်း"**လည်း စီရိုနယ်ဒိုက ဆက်လက် ပြောကြားသည်။

ပါဝင်ခဲ့

အကောင်းဆုံး လူငယ်ဘောလုံးသမားဆုတွင် အာဆင်နယ်မှ ဖာဘရီဂတ်စ်က ဒုတိယ၊ စပါးအသင်းမှ လီနွန်းက တတိယအဖြစ်ရွေးချယ်ခြင်းခံရသည်။ ထို့အပြင် မန်ယူတိုက်စစ်မှူး ရွန်နေ၊ ရက်ဒင်းတိုက်စစ်မှူး ဒွိုင်လီ၊ မန်စီးတီး နောက်ခံလူ အသက် ၁၈နှစ်အရွယ်ရှိ ရစ်ချက်စ်တို့လည်း နောက်ဆုံးဆန်ကာတင် လူစာရင်း၌ ပါဝင်ခဲ့ကြသည်။ **(ကိုးကား-အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

ပြိုင်ဆိုင်မှုပြင်းထန်လာသော မန်ယူနှင့်ချယ်လ်ဆီး

လန်ဒန် ဧပြီ ၂၃

ဧပြီ၂၁ရက်က အိမ်ကွင်း၌ မန်ယူတို့ မစ်ဒယ်ဘရော့ကို တစ်ဂိုးစီသရေ ဖြစ်ခဲ့သဖြင့် ချယ်လ်ဆီးနှင့် အမှတ်ကွာဟမှုကျဉ်းမြောင်းကာ ချယ်လ်ဆီးတို့ လက်ရှိ ပရီမီယာလိဂ်ချန်ပီယံသရဖူကို ဆက်လက်ထိန်းသိမ်းခွင့် ပြန်လည်ရရှိတော့မည်ဟု ဝေဖန်သံများ ထွက်လာခဲ့သည်။

သို့သော်လည်း ဧပြီ၂၂ရက်က ချယ်လ်ဆီးတို့ နယူးကာဆယ်နှင့် ဂိုးမရှိ သရေကျခဲ့ပြန်သဖြင့် တန်းစီဇယား ထိပ်ဆုံးနေရာမှ မန်ယူနှင့် သုံးမှတ်ကွာဟမှု မပြောင်းလဲဘဲ ဖြစ်ခဲ့ရသည်။

ကျန်ရှိ

လက်ရှိ ပြိုင်ဘက်နှစ်သင်း၏ ထိပ်တိုက်တွေ့ဆုံမှုကလည်း အရှိန်အဟုန် ပြင်းထန်ဆဲဖြစ်ရာ ပရီမီယာလိဂ်တွင် မန်ယူတို့အနေဖြင့် နောက်ထပ် လေးပွဲကစားရန် ကျန်ရှိနေသည်။ မန်ယူတို့ နောက်ဆုံးကစားရမည့် လက်ကျန်လေးပွဲမှာ ဧပြီ ၂၈ရက်တွင် အဝေးကွင်း၌ အဲဗာတန်နှင့်လည်းကောင်း၊ မေ ၅ ရက်တွင် အဝေးကွင်း၌ မန်စီးတီးနှင့်လည်းကောင်း၊ မေ ၉ရက်တွင် အဝေးကွင်း၌ ချယ်လ်ဆီးနှင့်လည်းကောင်း၊ မေ၁၃ရက်၌အိမ်ကွင်းအိုးထရက်ဖို့ဒ်တွင် ဝက်စ်ဟမ်းနှင့် နောက်ဆုံးပွဲကစားရမည်ဖြစ်သည်။

မန်ယူနည်းပြ ဖာဂူဆန်။ (ဓာတ်ပုံ-အင်တာနက်)

မန်ယူ လက်ကျန်လေးပွဲတွင် အဝေးကွင်းသုံးပွဲနှင့် အိမ်ကွင်းတစ်ပွဲကစားရမည်ဖြစ်ရာ အဝေးကွင်း၌ ကစားရမည့် အသင်းများမှာ အဲဗာတန်၊ မန်စီးတီးနှင့် ချယ်လ်ဆီးတို့ဖြစ်ရာ ပွဲကျပ်များဖြစ်နေသည်။ ထိုပွဲများ၌ မန်ယူတို့ အားထည့်ကစားရမည်ဖြစ်ပြီး **အနည်းဆုံးတစ်ပွဲရှုံး သို့မဟုတ် နှစ်ပွဲသရေကစားပြီး အိမ်ကွင်း၌ ဝက်စ်ဟမ်းကို အနိုင်ကစားနိုင်လျှင် ဖာဂူဆန်တို့ ပရီမီယာလိဂ်သရဖူ ရရှိမည်ဖြစ်သည်။**

ပြန်လည်ကစားနိုင်မည်

မန်ယူတွင် ဒဏ်ရာရရှိနေသော ဗီဒစ် ဒဏ်ရာပြန်လည်သက်သာလာပြီး မေ ၉ရက်တွင်ကစားမည့် ချယ်လ်ဆီးနှင့်ပွဲ၌ ပြန်လည်ကစားနိုင်မည်ဖြစ်ပြီး ဧပြီ ၂၁ရက် မစ်ဒယ်ဘရော့နှင့်ပွဲတွင် ဒဏ်ရာရရှိခဲ့သော နောက်ခံလူ ဖာဒီနန်လည်း အဆိုပါပွဲ၌ ပြန်လည်ကစားနိုင်မည်ဖြစ်သည်။

သို့သော် ဧပြီ၄ရက်၌ကစားမည့် ချန်ပီယံလိဂ် အကြိုဖိုလ်လုပွဲတွင်မူ ၎င်းတို့နှစ်ဦးစလုံး ပါဝင်ကစားနိုင်ခြင်းမရှိသဖြင့် အိုးထရက်ဖို့ဒ်၌ အေစီမီလန်ကို သတိကြီးစွာထားပြီး ကစားရမည်ဖြစ်သည်။

မန်ယူသည် မေ၁၉ရက်၌ အက်ဖ်အေဖလားဖိုလ်လုပွဲအဖြစ် ချယ်လ်ဆီးနှင့် ကစားရမည့်ပွဲတွင်မူ လူစုံပြန်လည်ကစားနိုင်မည်ဖြစ်သဖြင့် အက်ဖ်အေဖလားဖိုလ်လုပွဲ၌ မန်ယူတို့ အခြေအနေကောင်းသွားနိုင်သည်။

ထို့အတူ နယူးကာဆယ်ကို ဂိုးမရှိသရေကျခဲ့သဖြင့် မန်ယူကို ထပ်မံ ဖိအားမပေးနိုင်ခဲ့သည့် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုလည်း စိတ်ပျက်စရာဖြစ်ခဲ့ရသည်။

"ဒီပွဲသရေဖြစ်ခဲ့ရတာဟာ ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ရပ်ပါပဲ"ဟု မန်ယူအားနည်းချက်ကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးမချနိုင်ခဲ့မှုအပေါ် မော်ရင်ဟို မချင့်မရဲဖြစ်ခဲ့သည်။

လက်လွှတ်ရမည်

ချယ်လ်ဆီးသည် ပရီမီယာလိဂ်၌ လက်ကျန်ပွဲများအဖြစ် ဧပြီ ၂၈ရက်၌အိမ်ကွင်းတွင် ဘော်လ်တန်အသင်းနှင့်လည်းကောင်း၊ မေ၆ရက်တွင် အဝေးကွင်း၌ အာဆင်နယ်အသင်းနှင့်လည်းကောင်း၊ မေ၉ရက်၌ အိမ်ကွင်းတွင် မန်ယူနှင့်လည်းကောင်း၊ မေ၁၃ရက်၌ အိမ်ကွင်းတွင် အဲဗာတန်နှင့်လည်းကောင်း လေးပွဲကစားရမည်ဖြစ်သည်။ ထို့ကြောင့် ချယ်လ်ဆီး၏လက်ကျန်လေးပွဲသည်လည်း ခက်ခက်ခဲခဲဖြတ်ကျော်ရမည့် ပွဲကျပ်များဖြစ်နေသည်။ လက်ရှိ၌ မန်ယူနှင့်သုံးမှတ်ကွာနေရာ နောက်ထပ် တစ်ပွဲ သရေကျသည်နှင့် ပရီမီယာလိဂ်ဖလား လက်လွှတ်ရမည်ဖြစ်သည်။

ထို့အတူ ဧပြီ ၂၅ရက်၌ အိမ်ကွင်းတွင် ချန်ပီယံလိဂ် အကြိုဖိုလ်လုပွဲကို လီဗာပူးနှင့်ကစားရမည့်အရေးကလည်း ရှိနေသည်။ လက်ရှိတွင် ချယ်လ်ဆီး၌ ဒဏ်ရာရကစားသမားအချို့လည်း ရှိနေသည်။ ကစားသမားနှင့် ကစားအားကိုကြည့်လျှင်ချယ်လ်ဆီးတို့ချန်ပီယံလိဂ်ဖိုလ်လုပွဲ၌ မန်ယူနှင့် ဆုံတွေ့နိုင်ဖွယ်ရှိသည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။ (ဓာတ်ပုံ-အင်တာနက်)

မေ ၁၉ရက်၌ မန်ယူနှင့်အက်ဖ်အေဖလားဖိုလ်လုပွဲနွှဲရမည့် ချယ်လ်ဆီးတို့အနေဖြင့်ခြေကုန်ထုတ်ကစားရမည်ဖြစ်သော်လည်း နှစ်သင်းစလုံး၏ဒဏ်ရာရ ပွဲပယ်ဖြစ်ရပ်များအပေါ်တွင်လည်း ရလဒ်အပြောင်းအလဲ ဖြစ်ပေါ်သွားနိုင်ပေသည်။ **(ကိုးကား-အင်တာနက်)**

အင်တာမီလန်အသင်း စီးရီးအေချန်ပီယံဖြစ်ပြီ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

မီလန် ဧပြီ ၂၃

အီတလီစီးရီးအေ ပွဲစဉ်(၃၃) ဘောလုံးပြိုင်ပွဲများကို ဧပြီ၂၂ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အင်တာမီလန် အသင်းသည် ဆီနာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အီတလီစီးရီးအေဖလား ဆွတ်ခူးသွားပြီဖြစ်သည်။ အမှတ်ပေးဇယား ဒုတိယနေရာတွင် ရှိနေသော ရိုးမားအသင်းသည် အတ္တလန္တာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွား၍ အင်တာမီလန်တို့ မမျှော်လင့်ဘဲ ချန်ပီယံဖြစ်သွားခဲ့ရသည်။ အင်တာမီလန်အသင်းသည် နောက်ထပ် ငါးပွဲကစားရန် ကျန်ရှိနေသော်လည်း ယင်းပွဲအပြီး ဒုတိယနေရာမှ ရိုးမားကို ၁၆မှတ်အသာဖြင့် ဦးဆောင်နိုင်ပြီးဖြစ်၍ စီးရီးအေချန်ပီယံဆုကို ဆွတ်ခူးသွားသည်။

မာတာရာဇီ

အင်တာမီလန်အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို နောက်တန်းလူ မာတာရာဇီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ၎င်းသည်ပွဲချိန် ၁၈မိနစ်တွင် တစ်ဂိုး၊ မိနစ်၆၀တွင် ပယ်နယ်တီမှ တစ်ဆင့် တစ်ဂိုးသွင်းယူခဲ့ခြင်း ဖြစ်သည်။ ယင်းဂိုးမှာ ယခုနှစ်ရာသီတွင် အင်တာမီလန်အတွက် မာတာရာဇီ၏ ၁၅ဂိုးမြောက်ဂိုးဖြစ်သည်။

စာချုပ်ထား

မာတာရာဇီသည် နောက်တန်းခံစစ်မှူးဖြစ်သလို တိုက်စစ်မှူးကဲ့သို့ ဂိုးသွင်းစွမ်းရည် ထက်မြက်သူဖြစ်သည်။ ထို့ကြောင့်လည်း နည်းပြ ရောဘတ်မန်ချီနီက ၂၀၁၁အထိ စာချုပ်ထားသည်။ အင်တာမီလန်အသင်းသည် ယခုနှစ် စီးရီးအေ

အင်တာမီလန်အသင်းအတွက် မာတာရာဇီက ပယ်နယ်တီမှတစ်ဆင့် ဤသို့ အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ရာသီတွင် ဖလားကို ထိုက်တန်စွာ ယှဉ်ပြိုင်ဆွတ်ခူးနိုင်ခဲ့သော်လည်း ယမန်နှစ်က ဆွတ်ခူးခဲ့သော ဖလားမှာ ဂျူဗင်းတပ်စ်တို့ လုပ်ပွဲကစားခဲ့၍ ဖလားပြန်လွှဲခဲ့ရာ ဒုတိယနေရာမှ အင်တာမီလန်တို့ ဖလားဆွတ်ခူးနိုင်ခဲ့သည်။ အင်တာမီလန်အသင်းသည် ငါးပွဲကစားရန်အလိုတွင် ဖလားဆွတ်ခူးနိုင်ခြင်းမှာ ၁၉၄၇-၄၈ခုနှစ် ရာသီက တိုရီနို၏ စံချိန်ဖြစ်သည်။

အခြားပွဲရလဒ်များ

အတ္တလန္တာ	၂ - ၁	**ရိုးမား**	**ချီယေဗို**	၂ - ၁	**လီဗောနို**
အမ်ပိုလီ	၀ - ၀	**တိုရီနို**	**လာဇီယို**	၀ - ၁	**ဖီအိုရင်တီးနား**
ရက်ဂျီနား	၁ - ၁	**အူဒီးနိစ်**			

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

- အင်္ဂလန်အသင်းတွင် မိုက်ကယ်အိုဝင်ပါဝင်ကစားမည်ကို တားမြစ်ရန် ရည်ရွယ်ချက်မရှိကြောင်း နယူးကာဆယ်အသင်း ဥက္ကဋ္ဌ ဖရက်ဒီက ပြောကြားလိုက်သည်။

- **ပြင်သစ်ပထမတန်း လိုင်ယွန်အသင်းသည် ခြောက်နှစ်ဆက်တိုက် ပြင်သစ် ပထမတန်းဖလားကို ဆွတ်ခူးသွားပြီဖြစ်ကြောင်း သိရသည်။**

- ဆဲလ်တစ်အသင်းသည် ကီမာနော့အသင်းကို ဧပြီ ၂၂ရက်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားပြီ စကော့တလန် ပရီမီယာလိဂ်ဖလား ဆွတ်ခူးသွားပြီ ဖြစ်သည်။

- **အမျိုးသမီးကမ္ဘာ့ဖလားပွဲစဉ်များကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ရာ အင်္ဂလန်အမျိုးသမီးအသင်းသည် လက်ရှိချန်ပီယံ ဂျာမနီအသင်းနှင့် အုပ်စု(က)တွင် တစ်အုပ်စုတည်းကျခဲ့သည်။**

- ကမ္ဘာ့နံပါတ်(၂) တင်းနစ်ကစားသမား စပိန်နိုင်ငံသား ရာဖေးလ်နာဒယ်သည် မွန်တီကာလို မာစတာဖလားတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်(၁) ရော်ဂျာဖက်ဒဲယားကို အနိုင်ရပြီး သုံးနှစ်ဆက်တိုက်ဖလားအဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

တတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

'သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား' ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) Ph.D	၁၃၆၉ ခု ကဆုန်လဆန်း ၁၁ ရက် ကြာသပတေးနေ့ (၂၆-၄-၂၀၀၇)	**ကျင်းပမည့်နေ့ရက်** ၁၃၆၉ ခု၊ ကဆုန်လဆန်း ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ ၂၀၀၇ခုနှစ် ဧပြီလ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ
သာသနဇောတိကဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇန ဟိတဓရ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် ဆရာတော် အရှင်ပညာနန္ဒ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တံခွန်တိုင်၊ တမာတန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။	၁၃၆၉ ခု ကဆုန်လဆန်း ၁၂ ရက် သောကြာနေ့ (၂၇-၄-၂၀၀၇)	**ကျင်းပမည့်နေရာ** မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။
(ကျောက်တစ်လုံးတောရ ဆရာတော်) ဝနဝါသီ အရှင်ဝါသေဋ္ဌာ ဘိဝံသ	၁၃၆၉ ခု ကဆုန်လဆန်း ၁၃ ရက် စနေနေ့ (၂၈-၄-၂၀၀၇)	**ကျင်းပမည့်အချိန်** ညစဉ် ၇း၀၀ နာရီ

ကျေးလက်မြေသားလမ်းလုပ်ငန်းများ နှစ်စဉ်လျာထားဆောင်ရွက် ဆောင်ရွက်ပြီးလုပ်ငန်းများ မျက်ခြည်မပြတ်ကြပ်ခိုင်ရေးစစ်ဆေး

ရန်ကုန် ဧပြီ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဧပြီ၂၃ရက်တွင် ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးဦးသိန်းလှိုင်တို့ လိုက်ပါလျက် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိလာရာ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့်အဖွဲ့က ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း ဆောင်ရွက်ပြီး စည်ပင်သာယာရေးလုပ်ငန်းများနှင့် ၂၀၀၇-၂၀၀၈ခုနှစ်တွင် ဆောင်ရွက်မည့် မြို့ပြ/ကျေးလက်စည်ပင်သာယာရေး လုပ်ငန်းများအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီးက ယခင်ဘဏ္ဍာရေးနှစ်ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများအား သတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ၊မရှိ ပြန်လည်စစ်ဆေးကြရန်နှင့် ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအား စနစ်တကျ စီမံချက်ချ၍ ဘဏ္ဍာငွေများသုံးစွဲကြရေးနှင့်လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေး မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အမှတ်(၁)ပျိုးဥယျာဉ်နှင့် ခရိုင်ပျိုးဥယျာဉ်များအား ကြည့်ရှုစစ်ဆေးသည်။

တိုင်းတာမှတ်တမ်းတင်

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောက်တန်းမြို့ စည်ပင်သာယာရေးအဖွဲ့သို့ ဆက်လက်ထွက်ခွာလာရာ အမှုဆောင်အရာရှိ ဦးဖြူညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ဆင်ကန်ရေလှောင်ကန်မှ မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မြို့ပေါ်ရပ်ကွက်များ ရေလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် ရေဖြန့်ဝေမှု အခြေအနေ၊ ရေကန်ပတ်ဝန်းကျင် သန့်ရှင်းရေး၊ လုံခြုံရေး၊ ရေကန်ရေအဝင်အထွက် မှတ်တမ်းပြုစုရေး၊ မိုးရာသီနှင့်နွေရာသီတွင် ရေကန်၌ လှောင်နိုင်မှုပမာဏတို့အား တိုင်းတာမှတ်တမ်းတင်နိုင်ရေး ဆောင်ရွက်ရန် မှာကြားခဲ့သည်။

စနစ်တကျသုံးစွဲ

ဆက်လက်၍ဒုတိယဝန်ကြီးသည် ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိလာရာ အမှုဆောင်အရာရှိက အစည်းအဝေးခန်းမ၌ ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီး စည်ပင်သာယာရေးလုပ်ငန်းများနှင့် ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် စည်ပင်သာယာရေးလုပ်ငန်းများအား မြေပုံကားချပ်များဖြင့်လည်းကောင်း၊ လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိလာရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းတို့က ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီး စည်ပင်သာယာရေးလုပ်ငန်းများနှင့် ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအား မြေပုံကားချပ်များဖြင့်လည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နှစ်စဉ်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ကျေးလက်မြေသားလမ်း ဖောက်လုပ်မည့်လုပ်ငန်းများအား နှစ်စဉ်ထည့်သွင်းလျာထားဆောင်ရွက်ရန်၊ ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်း မျက်ခြည်မပြတ် ကြပ်ခိုင်ရေးဆောင်ရွက်ရန်၊ ယခုနှစ်ဆောင်ရွက်မည့် လုပ်ငန်းများအား သတ်မှတ်အရည် အသွေးပြည့်မီစွာ ဆောင်ရွက်ပေးရန်၊ ရန်ပုံငွေများ စနစ်တကျ သုံးစွဲရေး ဆောင်ရွက်ပေးရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အားကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ပျိုးပင်များအား ရာသီဥတုနှင့်ကိုက်ညီသော ပျိုးပင်များအား ရွေးချယ် စိုက်ပျိုးရန်၊ သတ်မှတ်ပျိုးပင် အရေအတွက်အတိုင်း ပြုစုပျိုးထောင်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပြီးသော ကဒစ်ရွာနှင့်ရဲမွန်ကျေးရွာတို့အား ဆက်သွယ်ပေးသည့် အရှည်ပေ ၁၀၀၊ အကျယ်၁၄ပေရှိသစ်သားတံတားအား သွားရောက်စစ်ဆေးသည်။

အဆိုပါတံတားကို နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း၂၅၀ဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)တွင် ဧပြီ၁၆ရက် ညနေ ၄ နာရီခွဲက ကစားဖော်များဖြစ်သော ဦးကြည်စိုး၊ ဦးကိုကိုအောင်၊ဦးညွှန့်အောင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ဦးကျော်လွင်သည် ကျင်းအမှတ်(၁၁)၊ (၁၆၂)ကိုက်အကွာမှ Callaway No-3 ဘောလုံးကို Ping Iron (8)တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းအားကစား

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအဖွဲ့ အားကစားနည်း ၁၈မျိုးယှဉ်ပြိုင်ရန် ပြင်ဆင်လေ့ကျင့်

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၁၈မျိုး ပါဝင်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

ပဏာမရွေးချယ်ထားသည့်အားကစားနည်း၁၈မျိုးမှာ ရေကူး၊ မြားပစ်၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ ဘိလိယက်၊ ကနူးလှေလှော်၊ ဘောလုံး၊ ဂျူဒို၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ Rowing၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ အလေးမ၊ ဝူရှူး၊ Traditional-Boat Race၊ အားကစားနည်းများ ပါဝင်ယှဉ်ပြိုင်ရန် နည်းစနစ်မှန်မှန်ဖြင့် ပြင်းပြင်းထန်ထန်လေ့ကျင့်လျက်ရှိသည်။

(၆)ကြိမ်မြောက် အာရှဘိလိယက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ မြန်မာပါဝင်ဆင်နွှဲမည်

ကာတာနိုင်ငံ ဒိုဟာမြို့တွင် မေ၂၆ရက်မှ ဇွန်၂ရက်အထိကျင်းပမည့် (၆)ကြိမ်မြောက် အာရှဘိလိယက် အမျိုးသားတစ်ဦးချင်းတံခွန်စိုက် ဘိလိယက်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ လက်ရှိချန်ပီယံ အောင်ဆန်းဦး (မြို့တော်စည်ပင်) အပါအဝင် သုံးဦးပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

(၅)ကြိမ်မြောက် အာရှဘိလိယက်တစ်ဦးချင်းချန်ပီယံအောင်ဆန်းဦးနှင့်အတူ လယ်ယာ/ဆည်မြောင်းမှ အောင်ဌေး၊ မထသ(အင်းစိန်)မှ နေသွေးဦးတို့အား ရွေးချယ်လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

နွေရာသီအားကစားအဆင့်မြင့်သင်တန်းများဖွင့်လှစ်သင်ကြား

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့မှ ကြီးမှူး၍ နွေရာသီအားကစားအဆင့်မြင့်သင်တန်းများကို ဧပြီ၂၃ ရက်မှ စ၍ မေ ၁၈ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အားကစားအဆင့်မြင့်သင်တန်းများတွင် ဘောလုံး၊ ဘော်လီဘော (အမျိုးသား)၊ ပြေးခုန်ပစ်၊ အလေးမ၊ ဂျူဒို၊ သိုင်း၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ခြင်းလုံး၊ ဘတ်စကက်ဘော၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ ခရစ်ကက်၊ ဘော့စ်ဘော၊ ကြက်တောင်၊ စစ်တုရင်၊ဘိလိယက်၊ ကာယဗလနှင့် ကာယအလှ၊ ရွက်လှေ၊ လှေလှော်၊ လက်ဝှေ့၊ အေရိုးဗစ်၊ ဟော်ကီ၊ သေနတ်ပစ်၊ စက်ဘီး၊ မြားပစ်၊ ကျွမ်းဘား၊ စားပွဲတင်တင်းနစ်နှင့် ရေကူးအားကစားနည်းများ ပါဝင်ကြောင်း သိရသည်။

သတင်းမှတ်စု-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကျောက်တစ်လုံး
ဆုတောင်းပြည့် ဆရိ မဟာ စူဠာမဏိဘုရားပွဲတော်ကြီး

ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့ခင်ဗျား–

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ ကျောက်တစ်လုံးကျေးရွာ ကျောက်တစ်လုံးတောင်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော ဆုတောင်းပြည့် ဆရိ မဟာ စူဠာမဏိဘုရားပွဲတော်ကြီးကို ၁၃၆၉ ခုနှစ် ကဆုန်လပြည့်နေ့ (၃၀–၄–၂၀၀၇)ရက်မှ ကဆုန်လပြည့်ကျော် ၃ ရက်(၃–၅–၂၀၀၇)ရက်အထိ လေးရက်တိုင်တိုင် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်း ကြွရောက်ဖူးမြော်နိုင်ပါရန် လေးစားစွာဖြင့် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဂေါပကအဖွဲ့။

မင်းမင်းကျော်ဒစ်ဂျစ်တယ်ဏကလာအမြန်
ဒစ်ဂျစ်တယ်မာတ်ပုံကူးဆိုင်
Digital နှင့် Film မှ
4''×6''--80-ကျပ်(၃၅ပုံအထက်ကူး)
အမှတ်၁၃၅၊ ၃၄လမ်း(လယ်)၊ရန်ကုန်

မေ(၂၇)ရက် ညနေ(၅း၀၀)နာရီမှ မေ(၁)ရက် ညနေ(၆း၀၀)နာရီအထိ၊ (၄)ညအိပ်၊ (၅)ရက်ခရီး
မေလီခရီးစဉ် ၄၈၀၀၀ိ/–ဏက်မှတ်ရောင်းပါပြီ
၁ သံတွဲ(အံတော်၊ ဆံတော်၊ နံတော်) ပြည်ဘုရားရုံ၊ ရွှေတောင်ရွှေမျက်မှန်၊ ပေါင်းတည်ရှယ်တော်
၁ ရွှေက်တော်၊ လောင်ကြက်၊ မြောက်ဦး၊ ဝေသာလီ၊ မဟာမုနိ၊ စစ်တွေ(ကား/လေယာဉ်) ဟိုတယ်/စား/Guide
၁ ပြင်ဦးလွင်၊ မန္တလေး(ဟိုတယ်/စား)A/C Fully Bus ☎ : 505829 ; 095021498
ယမုံနာ (BGH) ခရီးသွားလုပ်ငန်း၊ အမှတ် (၉)၊ အင်္ဂပူလမ်း၊စမ်းချောင်း။

Golden Star
ချောင်းသာ နေ့စဉ်
ငွေဆောင် April 27,28
အမှတ်–၂၄၊ ၁၅၃လမ်း၊ တာမွေ
Ph:544383,09-5133640

တင်ဒါများဖိတ်ခေါ်ခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန လက်အောက်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှော်ကား)တွင် တည်ဆောက်မည့် ငါးခန်းတွဲ သုံးထပ်စာသင်ဆောင် တစ်လုံးနှင့် ခြောက်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာနှစ်လုံး ဆောက်လုပ်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို(BQ)နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာနည်းပညာတက္ကသိုလ်မှ အကူအညီရယူနိုင်သည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့်တင်ဒါတင်သွင်းသူမှလိုက်နာရန် အချက်အလက်များကို အောက်ပါလိပ်စာများမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

(က) ပါမောက္ခချုပ်
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
ရန်ကုန်မြို့
ဖုန်း–၀၁–၆၆၄၂၅၀၊ ၆၁၀၆၅၅

(ခ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ရုံးအမှတ်၂၁၊ နေပြည်တော်
ဖုန်း–၀၆၇–၄၀၄၀၀၃၊ ၄၀၄၄၅၆

၅။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အထက်ပါအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမှတ်(၂၀)ဓမ္မဒါနလမ်း၊ မလွှကုန်းငွေကြွယ်(က)ရပ်ကွက် တာမွေမြို့နယ်၊ မြေညီထပ် (ခေါင်းရင်းခန်း)နှင့်စပ်လျဉ်း၍ အများသိစေရန်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မလွှကုန်းငွေကြွယ် (က)ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ အမှတ်(၂၀)၏ မြေညီထပ် တောင်ဘက်အခန်း (ခေါင်းရင်းခန်း) တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်သည် ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဦးစိုးဝင်း၊ ဒေါ်ခင်မာဦးတို့ပိုင်ဆိုင်သော စီမံခန့်ခွဲပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်အမှုသည်များ၏ ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အခြားနည်း စီမံဆောင်ရွက်ခြင်း မပြုရန်နှင့် ပြုလုပ်ခဲ့ပါက ဆောင်ရွက်မှုတွင် ပါဝင်သူများကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးဝင်း၊ ဒေါ်ခင်မာဦးတို့၏ ညွှန်ကြားချက်အရ

အမှတ် ၁၈၊ မြို့သစ်(၂)လမ်း	ဦးလှမင်း(ပေါင်းတည်)
တာမွေမြို့နယ်၊ ရန်ကုန်မြို့။	LL.B(Advocate)
ဖုန်း–၅၄၉၄၁၃၊ ၀၉–၉၉–၇၁၃၉၇	တရားရုံးချုပ်ရှေ့နေ

သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် (ရုံးချုပ်–ရန်ကုန်မြို့)
ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ သစ်တောဖက်စပ်၊ ဒဂုံတောင် သစ်ဆိပ်ရှိ သစ်ထားလမ်းများပြုပြင်ရန်အတွက် အောက်ပါလမ်းခင်းကျောက်အမျိုးအစားများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်–

ချိပ်ပိတ်တင်ဒါအမှတ် – ၀၁/၂၀၀၆–၂၀၀၇(ပတ)

စဉ်	ပစ္စည်းအမျိုးအမည်/လုပ်အားခ	ကျင်းပေါင်း
(က)	ဂဝံကျောက်(မုပ္ပလင်)	၂၆၃
(ခ)	လိပ်သဲကျောက်	၁၁၁
(ဂ)	မြစ်သဲ	၄၃
(ဃ)	ဂဝံနှင့်လိပ်သဲခင်းလုပ်အားခ	၃၇၄
(င)	မြစ်သဲခင်းလုပ်အားခ	၄၃

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် (၉–၅–၂၀၀၇ ရက်)၊ မွန်းတည့်(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ပြည်ပအရောင်းဌာန၊ သစ်တောဖက်စပ်ရုံးချုပ်တွင် ၂၇–၄–၂၀၀၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သစ်ထားလမ်းများပြုပြင်ရေးအဖွဲ့
အမှတ်၄၂၂–၄၂၆၊ဗိုလ်တထောင်ဘုရားလမ်းနှင့်
ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၀၂၀၆၀၊ ၂၀၂၁၀၁၊ လိုင်းခွဲ–၁၂၇။

ကျေးဇူးဆပ်ပါမည်

၇ခ/၃၇၉၅၏ အခွန်ဆောင်ပြီး အခွန်ကျေ အစိမ်းစာရွက်ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း–၀၉–၅၁–၆၆၅၀၈။

ဥညဝတီသာသနာပြုကျောင်းတိုက်(ဗဟန်း) အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဧပြီ ၂၃

ဥညဝတီသာသနာပြုကျောင်းတိုက်(ဗဟန်း) နှစ်ထပ်ဓမ္မာရုံ သစ်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော မဟာမုနိ၊ စန္ဒမုနိ၊ စကြာမုနိပုံတူ ရုပ်ပွားတော်မြတ်သုံးဆူအား ဒုတိယအကြိမ်မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကို ဧပြီ၃၀ ရက် (ကဆုန်လပြည့်နေ့) နံနက် ၈ နာရီတွင် အဆိုပါ မဟာမုနိဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

နယ်စပ်နယ်လှည့်သာသနာပြုမြောက်ဦး(ချောင်းသစ်) ဆရာတော် ဦးနန္ဒမာလာ (ကမ္မဋ္ဌာနာစရိယ)က တရားချီးမြှင့်မည်ဖြစ်ပြီး ဦးအောင်သာထွန်း(ခ)ဦးငန်းကျားနှင့် ဇနီး ဒေါ်မမြဦးမိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ရေစက်ချမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင် · လန်ဒန်)
LCCIသင်တန်းများ **June 16** (စနေနေ့)စမည်။
May 3 (Thurs) မှစ၍ ခုံနံပါတ်ယူထားနိုင်သည်။
အမှတ်(၂၉၀)၊တတိယထပ်၊ပန်းဆိုးတန်းလမ်း(အထက်)
ဖုန်း - ၃၇၁၇၄၁၊ ၃၉၁၁၀၂

ဦးဝင်းကျော်[၁၄/ ကလန(နိုင်)၀၀၀၅၂၆]နှင့် အများသိစေရန်

ကျွန်ုပ်မိတ်ဆွေ ဒေါ်ဖြူဖြူမာ [၁၂/ပဘတ(နိုင်)၀၂၉၀၆၉]၏ ခင်ပွန်းဖြစ်သူ ဦးဝင်းကျော် [၁၄/ကလန(နိုင်)၀၀၀၅၂၆]သည် ၂–၄–၂၀၀၇ ရက်တွင် ရွှေထည်ပစ္စည်းအချို့နှင့် ငွေများကိုယူဆောင်ကာ နေအိမ်မှဆင်းသွားခဲ့ပြီး ယနေ့အချိန်အထိ နေအိမ်သို့ ဆက်သွယ်ခြင်းမရှိသလို မိသားစုနှင့်လည်း ကင်းကွာနေပါသည်။ သို့ဖြစ်ပါ၍ ဦးဝင်းကျော်နှင့်ပတ်သက်သော ကိစ္စရပ်အားလုံးသည် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ဦးဝင်းကျော်နှင့် ရရန်၊ ပေးရန်ရှိသော ကိစ္စရပ်အားလုံးတို့သည်လည်း ဦးဝင်းကျော်နှင့်သာ ရှင်းလင်းဆောင်ရွက်ပါရန် အသိပေးကြေညာအပ်ပါသည်။

မှတ်ချက်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမောင်မောင်သူရ
အထက်တန်းရှေ့နေ(စဉ်–၂၃၂၂၇)
LL.B, A.G.T.I(EP),D.B.L,D.M.L
အမှတ်(၁၃၂)၊ ပထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၀၁–၇၂၀၂၀၁၊ ၀၉–၅၁၈၄၀၄၂

O.B.F Language School
SAYA-TONY
အင်္ဂလိပ်စကားပြန်ဟောင်း
ဘာသာပြန်ဆရာ(SHELL)
IELTS
➡ Spoken English Course
➡ Grammar & Essay Writing Course
➡ All Round Development (4 Skills)
➡ Foreign Going English Course
အမှတ်(၉၁)၊ပထမထပ်၊ ဗိုလ်ဆွန်ပက်လမ်း(မောင်ထော်လေးလမ်း)၊
အောက်ဘလောက်၊ပန်းဘဲတန်းမြို့နယ်။ ဖုန်း–၂၅၀၃၄၀

အထက(၃) ပြင်ဦးလွင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၃

အထက(၃)ပြင်ဦးလွင် ယခင် St.Joseph Convent ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ၊ မိတ်ဆုံစားပွဲနှင့် အမှုဆောင်အသစ် ပြန်လည်ရွေးချယ်ပွဲကို ဧပြီ ၃၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ပတ္တမြားခန်းမ အထက(၃)ပြင်ဦးလွင်မြို့တွင်ကျင်းပမည်ဖြစ်၍ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က–ပ)**

ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဘားအံမြို့ လမ်း/တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းလုပ်ပိုင်ခွင့် ချိပ်ပိတ်တင်ဒါလေလံတင်ရောင်းချရန်ကြော်ငြာ

ကရင်ပြည်နယ်အတွင်း လက်ရှိလမ်း/တံတားအသုံးပြုခ ကောက်ခံနေသော နိုင်ငံပိုင်တံတားသုံးစင်းနှင့် လမ်းအသုံးပြုခကောက်ခံရေး ဂိတ်ငါးခု၏ ၂၀၀၇–၂၀၀၈ခုနှစ် (၁–၅–၂၀၀၇)မှ (၃၁–၃–၂၀၀၈)အထိ (၁၁)လ လမ်း/တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း လုပ်ပိုင်ခွင့်လိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့် လမ်း/တံတားများ
- (၁) သံလွင်တံတား(ဘားအံ)ဂိတ် (ဘားအံမြို့)
- (၂) ဂျိုင်း(ကော့ကရိတ်)တံတားဂိတ် (ဘားအံမြို့)
- (၃) ဒုံသမိတံတားဂိတ် (ဘားအံမြို့)
- (၄) ပညာရေးကောလိပ်ဂိတ် (ဘားအံမြို့)
- (၅) ဝါးဘိုးတောဂိတ် (ဘားအံမြို့)
- (၆) ကော့ကရိတ်ဂိတ် (ကော့ကရိတ်မြို့)
- (၇) အိန္ဒုဂိတ် (ဘားအံမြို့)
- (၈) ကော့ကျိုက်ဂိတ် (ဘားအံမြို့)

(ခ) လေလံလျှောက်လွှာဝယ်ယူရရှိသည့်နေရာ– ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဘားအံမြို့၊ ဖုန်း–၀၅၈–၂၁၀၈၃၊ ၀၅၈–၂၁၁၈၂။

(ဂ) လေလံတင်လျှောက်လွှာတင်သွင်းရမည့်နေရာ– ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဘားအံမြို့။

(ဃ) လေလံဆွဲဝယ်ခွင့်လျှောက်လွှာ စတင်လက်ခံမည့်ရက်အချိန်– ၂၅–၄–၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက် ၀၉း၀၀ နာရီ။

(င) လေလံတင်သွင်းရန် နောက်ဆုံးနေ့ရက်အချိန်– ၂၅–၄–၂၀၀၇ ရက်၊ (ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၁း၀၀ နာရီ။

(စ) လေလံတင်ရောင်းချမည့် နေ့ရက်နှင့် ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်နေ့ရက်၊ အချိန်– ၂၅–၄–၂၀၀၇ ရက်၊ (ဗုဒ္ဓဟူးနေ့)၊ မွန်းတည့် ၁၂း၀၀ နာရီ။

(ဆ) လေလံတင်ရောင်းချမည့်နေရာ– ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစည်းအဝေးခန်းမ၊ ဘားအံမြို့။

မှတ်ချက်။ ။ကရင်ပြည်နယ်အတွင်းနေထိုင်သူ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုသာ လေလံယှဉ်ပြိုင်ဆွဲဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

ကရင်ပြည်နယ် လမ်း/တံတားများအသုံးပြုခလိုင်စင်
လေလံတင်ရောင်းချရေးကော်မတီ၊ ဘားအံမြို့။

သစ်သီးအလှပြုပြင်မှု သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ သစ်သီးအလှပြုပြင်မှု FRUIT CURVING သင်တန်းအမှတ်စဉ် (၁/၂၀၀၇)ကို မေ ၉ ရက်မှ ၁၉ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ သင်တန်းသား သင်တန်းသူ ၅၀ ဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

ဆက်သွယ်

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ကျပ် ၄၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ်၅၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း–၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ **(၃၀၈)**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသက ဆရာတော်၏ ဇာတိဖြစ်သော မန္တလေးတိုင်း ငါန်းဇွန်းမြို့နယ် ရွှေတောင်ရွာ တွဲဖက်အလယ်တန်းကျောင်းအတွက် အလှူငွေကျပ် ၂၂ သိန်းကို ဆရာတော်ကိုယ်စား မဟာဗောဓိသာသနာပြုအသင်းဥက္ကဋ္ဌက ရွှေတောင်ကျေးရွာ ကျောင်းရန်ပုံငွေထိန်းသိမ်းရေးကော်မတီ ဘဏ္ဍာရေးမှူး ဦးကျော်စိုးထံ ပေးအပ်စဉ်။
(က–ပ)

ဝိနယဓရဘွဲ့ရ အရှင်ဝိမလာလင်္ကာရ ပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်ကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် ဝေဇယန္တာအိမ်ရာ သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်မှ (၁၃၆၈ ခုနှစ်) ၂၀၀၇ ခုနှစ် နိုင်ငံတော်အစိုးရ (၅၉)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး၌ အောင်မြင်တော်မူသဖြင့် ဝိနယဓရ(ပိဋကတစ်ပုံဆောင်) ဘွဲ့ရရှိတော်မူသော အရှင်ဝိမလာလင်္ကာရအား ဂုဏပူဇာမင်္ဂလာ အခမ်းအနားကို (၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်) မေ ၁ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်းတိုက် မြတ်အိန္ဒြေဓမ္မာရုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုပူဇော်နိုင်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

ဧပြီ ၈ ရက်က လှိုင်မြို့နယ် (၃)ရပ်ကွက် သုခမိန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် နယ်လှည့် စာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်မြတ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးအုန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ပညာရေး ဝေးသည်ဟူ၍မရှိ

လွန်ခဲ့သော ဧပြီ ၇ ရက်နေ့က စာရေးသူသည် ရန်ကုန်တက္ကသိုလ်၌ ကျင်းပသော ဘွဲ့နှင်းသဘင်အခမ်းအနားတစ်ခုသို့ တက်ရောက်ခဲ့သည်။ ထိုအခမ်းအနားမှာ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ အကြိမ်(၉၀)မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားဖြစ်ပြီး ၂၀၀၅ခုနှစ် ပညာသင်နှစ်၌ ဘွဲ့အသီးသီး ဆွတ်ခူးရရှိသူများကို ဘွဲ့လက်မှတ် ပေးအပ်ချီးမြှင့်သည့် အခမ်းအနားပင် ဖြစ်သည်။

ယင်းအခမ်းအနားတွင် ဘွဲ့ယူသူမောင်မယ်အပေါင်းသည် ဝိဇ္ဇာဘွဲ့ ဆိုင်ရာ ဝတ်ရုံ၊ သိပ္ပံဘွဲ့ ဆိုင်ရာဝတ်ရုံများ ဝတ်ဆင်လျက် လှပလန်းဆန်း တက်ကြွနေကြသည်ကို တွေ့မြင်ခဲ့ရသည်။ ဘွဲ့နှင်းသဘင်တွင် ပါမောက္ခ ချုပ်က "သက်ဆိုင်ရာစာမေးပွဲများကို ကောင်းစွာအောင်မြင် ပေါက်မြောက် ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာခြင်းခံရသူများကို ကျွန်ုပ်က ဘွဲ့များ အပ်နှင်းပါမည်"ဟုဆိုပြီး သက်ဆိုင်ရာ ပါမောက္ခက အမည်ခေါ်ယူ ပို့ဆောင်ပေးသူများကို ဘွဲ့လက်မှတ်များ ပေးအပ်ခဲ့သည်။

ထိုအချိန်တွင် ဘွဲ့ယူသူ မောင်မယ်အသီးသီးနှင့် မိဘဆွေမျိုး၊ မိတ်သင်္ဂဟတို့၏ ကြည်နူးပြုံးပျော် ဂုဏ်ယူနေသောမျက်နှာများကို တွေ့မြင် ရသည်။ ဘွဲ့ကို အပ်နှင်းခံရခြင်းသည် မိမိ၏အရည်အချင်းကို အတိုင်း အတာ တစ်ခုအထိ ပြည့်မီသည်ဟု သတ်မှတ်သည့်သဘောဖြင့် အပ်နှင်း ခြင်းဖြစ်သည်။ ထို့ကြောင့် ဘွဲ့ယူသူမောင်မယ်တို့သည် စာမေးပွဲအောင် မြင်ပြီး ဘွဲ့လက်မှတ်ရယူသည်နှင့် လျော်ညီစွာ စိတ်ကြိုက်ယူခဲ့သည့် အထူးပြုဘာသာရပ်များကို ထိုက်သင့်သလောက် လေ့လာတတ်မြောက် ပြီးပြီဟု ဆိုရမည်။

ဘွဲ့နှင်းသဘင်မြင်ကွင်းကို တွေ့မြင်ရသော စာရေးသူအဖို့ အဝေးသင် တက္ကသိုလ်၏ ပညာရေးနှင့်စပ်လျဉ်း၍ အတွေးဝင်လာမိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုး တိုးတက်စေရန် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာရေးကဏ္ဍတွင် **"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်အံ့"**ဟူသော ဆောင်ပုဒ်ဖြင့် ပညာရေးမျှော်မှန်းချက် ချမှတ် လုပ်ဆောင်လျက်ရှိသည်။

ယနေ့ခေတ်သည် Knowledge Age ဟုခေါ်သည့် ပညာခေတ်ဖြစ် သည့်အလျောက် အဝေးသင်တက္ကသိုလ်များသည် နိုင်ငံတော်၏ ပညာရေး မျှော်မှန်းချက် အောင်မြင်ရေးတွင် Highly Qualified Human Resources ဟူသော အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ် များကို မွေးထုတ်ပေးရာ ဌာနကြီးများအဖြစ် တည်ရှိနေသည်။ အဝေးသင် တက္ကသိုလ်ကြီးကို စတင်တည်ထောင်စဉ်ကပင် ရည်ရွယ်ချက်(၄)ရပ်ထားရှိ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့မှာ–

၁။ အဆင့်မြင့်ပညာရပ်များကို ငွေကုန်ကြေးကျသက်သာစွာဖြင့် မိမိအရပ် ဒေသ၊ မြို့ရွာ၊ နေအိမ်၊ မိသားစုနှင့် အလုပ်ခွင်မှ မခွာရဘဲ သင်ယူနိုင်ခြင်း။

၂။ နယ်စပ်ဒေသမကျန် မြန်မာနိုင်ငံတစ်ဝန်းလုံးကနေပြီး အဆင့်မြင့် ပညာရပ်များကို သင်ယူနိုင်ခြင်း။

၃။ အခြားတက္ကသိုလ်များမှ ပေးအပ်သော ပညာရပ်ဘွဲ့ အဆင့်ထက် မနိမ့်ကျသော ဘွဲ့များကို အပ်နှင်းနိုင်ခြင်း။

၄။ အဆင့်မြင့်ပညာကို ကျယ်ကျယ်ပြန့်ပြန့် သင်ယူနိုင်ခြင်းဖြင့် ပညာတတ်လူငယ်များ နိုင်ငံအကျိုးကို ပိုမိုထိရောက်စွာ သယ်ပိုး ဆောင်ရွက်နိုင်ခြင်း

ဟူ၍ ဖြစ်သည်။

စင်စစ် အဝေးသင် တက္ကသိုလ်များသည် နိုင်ငံတကာတွင် ပညာ ခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ဖို့ Life Long Learning and Continuing Education ဟူသည့် အဆင့်မြင့်ပညာများကို စဉ်ဆက် မပြတ် သင်ယူနိုင်သည့် ပညာရေးစနစ် ထူထောင်ကျင့်သုံးနေသော တက္ကသိုလ်များ ဖြစ်သည်။

ယခုအခါ အဝေးသင်တက္ကသိုလ်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ စီးပွားရေးဘွဲ့၊ ဥပဒေဘွဲ့စသည့် ဘွဲ့သင်တန်းများကို အထူးပြုဘာသာရပ် ၁၉ ခုအထိ ပေးအပ်နေပြီ ဖြစ်ပါသည်။ နောင်လာမည့် နှစ်များတွင်လည်း အခြား အထူးပြု ဘာသာရပ်အသစ်များအတွက် ဘွဲ့အသစ်များ ပေးအပ်သွားမည် ဖြစ်သည်။

အဝေးသင်တက္ကသိုလ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူ များသည် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အဝေးသင်တက္ကသိုလ်ရှိ စိတ်ကြိုက်ဘာသာရပ် တစ်ခုခုသို့ တက်ရောက်ခွင့် ရရှိပြီဆိုပါက သက်ဆိုင်ရာ နယ်မြေဌာနခွဲ (ဥပမာ–ရန်ကုန်မြို့ ဒဂုံတက္ကသိုလ်)သို့ သတ်မှတ်ရက်အတိုင်း ကျောင်းသွား၍ အပ်နှံရပါမည်။ ထို့နောက် စာစဉ်ဖြေဆိုရန် စာအုပ်များ၊ ပို့ချချက်စာအုပ်၊ လမ်းညွှန်ချက်စာအုပ် များကို ထုတ်ယူကြရမည်။

ဤနှစ်အတွက် စာစဉ်များဖြေဆိုပြီး တင်သွင်းရမည့် ပထမနှစ်၊ ပထမနှစ်ဝက်အတွက် နောက်ဆုံးရက်မှာ လာမည့် ဧပြီ ၃၀ ရက်နေ့ဖြစ် သည်။ ပထမနှစ်၊ ဒုတိယနှစ်ဝက်အတွက် နောက်ဆုံးရက်မှာ ယခုနှစ် ဩဂုတ် ၃၁ ရက်နေ့ဖြစ်သည်။ ဒုတိယနှစ်၊ တတိယနှစ်များအတွက် ပထမနှစ်ဝက် စာစဉ်တင်သွင်းရန် နောက်ဆုံးရက်မှာ လာမည့် မေ ၃၁ ရက်နှင့် ဒုတိယနှစ်ဝက်မှ လာမည့် ဩဂုတ် ၃၁ရက်နေ့တို့ ဖြစ်ပါသည်။ ထို့ကြောင့် အဝေးသင်ကျောင်းသား ကျောင်းသူများသည် အချိန်နှင့် တစ်ပြေးညီ စာစဉ်များကို သတ်မှတ်သည့်နေ့အမီ တင်သွင်းကြရ မည်ဖြစ်သည်။ ထို့ပြင် ပထမနှစ်ဝက် စာစဉ်ကိုလည်းကောင်း၊ ဒုတိယ နှစ်ဝက် စာစဉ်ကိုလည်းကောင်း တစ်ပိုင်းပိုင်းကို ဖြေဆိုခြင်းမပြုပါက အတန်းတင်စာမေးပွဲ ဖြေဆိုအောင်မြင်မည်မဟုတ်ကြောင်း သိရှိထားဖို့ လိုအပ်ပါသည်။ စာစဉ်အတွက် ရမှတ်သည် အမှတ် ၂၀ ဖြစ်သည့်အတွက် ဂရုတစိုက် အလေးထား ဖြေဆိုသင့်ကြသည်။

ဤတွင် အရေးကြီးသည့်အချက်မှာ စာစဉ်များကို မိမိလက်ရေးဖြင့် ကိုယ်တိုင်ဖြေဆိုပေးရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စာစဉ် ဖြေဆိုသည့် လက်ရေးမူနှင့် စာမေးပွဲဖြေဆိုသည့် လက်ရေးမူကို တိုက်ဆိုင် စစ်ဆေးသောကြောင့် ဖြစ်သည်။ ပြင်ပစာအုပ်များမှ စာစဉ်အဖြေများကို

ဒေါက်တာချိုချိုတင့် (မြန်မာစာ)

တိုက်ရိုက်ကူးယူခြင်းသည် မသမာမှု ကျူးလွန်ခြင်းဖြစ်သည့်အတွက် မပြုလုပ်သင့်ကြောင်းလည်း သိရှိထားရမည်။ မေးခွန်းကို မိမိတို့ကိုယ်ပိုင် ဉာဏ်ဖြင့် နားလည်သလို ဖြေဆိုဖို့လည်း အရေးကြီးသည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့ရရှိထားသည့် ပို့ချချက်၊ လေ့လာမှုလမ်းညွှန်တို့ကို စေ့စေ့စပ်စပ်သေသေချာချာ မကြာခဏဖတ်ရှု ပေးခြင်းဖြင့် မိမိကိုယ်ပိုင်သိသည့် အသိရလာပြီး Creative thinking ရှိလာမည်ဖြစ်သည်။ ဤသည်မှာ အဝေးသင်ပညာရေးစနစ်၏ ကိုယ်တိုင် လေ့လာသင်ယူခြင်း သဘောပင်ဖြစ်သည်။

ယခုအခါ သက်ဆိုင်ရာ ဘာသာရပ်အသီးသီးအတွက် ဌာနမှူး၊ ပါမောက္ခများ၏ စာစဉ်ဖြေဆိုသင့်ပုံ၊ ဖြေဆိုနည်း ပြောကြားချက်များကို မြန်မာ့အသံမှ စတင်ထုတ်လွှင့်ပေးတော့မည်ဖြစ်ရာ အဝေးသင် ကျောင်းသူ၊ ကျောင်းသားတိုင်း စောင့်မျှော်ကြည့်ရှုလိုက်နာ မှတ်သားသင့်သည်။

အဝေးသင်တက္ကသိုလ်များရှိ ဌာနအသီးသီးသည် ဌာနခွဲတက္ကသိုလ် များ၏ သင်ကြားပို့ချလက်တွေ့ဆောင်ရွက်မှု အတန်းများကိုသွားရောက် လေ့လာခြင်း၊ Book Review ပြုလုပ်ပြီး ပြင်ဆင်ဖြည့်စွက်စရာ ရှိသည်များကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ TV,e DBS ရိုက်ကူးခြင်း၊ ကက်ဆက်ရေဒီယို အသံသွင်းခြင်း၊ ပို့ချချက် လမ်းညွှန်ချက်စာအုပ်များ ရေးသားပြုစုခြင်း၊ ပညာရေးအဆင့်မြှင့်တင်မှုအဖြစ် Question Bank များ ပြုစုခြင်း၊ သုတေသနစာတမ်းများပြုစုခြင်း၊ ဝန်ထမ်းအရည်အသွေး မြင့်မားရေးအတွက် ကွန်ပျူတာ၊ အင်တာနက်နှင့် အီးမေးလ်သင်တန်းများ တက်ရောက်စေခြင်းစသည်ဖြင့် အဝေးသင်ပညာရေးစနစ် တိုးတက် မြင့်မား အောင် ကြံဆောင် ကြိုးပမ်းလျက်ရှိသည်။

အဝေးသင်တက္ကသိုလ်များက သင်ကြားပို့ချပေးသည့် ဘာသာရပ် အသီးသီး၏ သင်ရိုးညွှန်းတမ်းများသည် နိုင်ငံတကာတက္ကသိုလ်များ တွင် ကျင့်သုံးလျက်ရှိသော သင်ရိုးညွှန်းတမ်းများနှင့် နှိုင်းယှဉ်နိုင်သော အဆင့်တွင် ရှိသည်။ Curriculurn Development Committee, Curriculurn Assessment Committee စသည့် ကော်မတီများ ဖွဲ့စည်းပြီး ဘာသာရပ်ဆိုင်ရာ ပါမောက္ခများသည် ပြည်တွင်း တက္ကသိုလ်များ၏ သင်ရိုးများ၊ နိုင်ငံတကာ အဝေးသင်တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းများနှင့် ညှိနှိုင်းကာ မိမိတို့နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ ပြုပြင်ဖြည့်စွက် ရေးဆွဲထားသော သင်ရိုးများဖြစ်၍ အထူးအဆင့်မီ ကောင်းမွန်လှသည်။

ပညာရေးဝန်ကြီးဌာန အကြီးအကဲများ၏ ကြပ်မတ်မှုဖြင့် အဝေးသင် ပညာရေးစနစ်အရ Printed Material ပုံနှိပ်စာအုပ်များအပြင် ကက်ဆက်၊ ရေဒီယို၊ တီဗွီသင်ခန်းစာများဖြင့် သင်ကြားပို့ချပေးခြင်း၊ ပညာသင်ယူမှု ဌာန (Learning Centre) စုစုပေါင်း ၆၂၄ ခုကို တစ်နိုင်ငံလုံးတွင် ဖွင့်လှစ်ထားရှိခြင်း၊ ဂြိုဟ်တုကတစ်ဆင့် သတင်းအချက်အလက် ထုတ်လွှင့်မှု အစီအစဉ် (Data Broadcasting System)ဖြင့် သင်ခန်းစာများကို လေ့လာသင်ယူနိုင်ခြင်း၊ ထပ်မံပြီး Internet နှင့် Online ပညာရေးကို သင်ယူနိုင်သည့် အခွင့်အလမ်းများရှိအောင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ် လျက်ရှိပေရာ ယနေ့ခေတ်တွင် ပညာရေးဝေးသည်ဟူ၍ မဆိုနိုင် တော့ပါ။

ထို့ကြောင့် အဝေးသင်ကျောင်းသူ၊ကျောင်းသားများကို အနီးကပ် သင်တန်း ၁၀ ရက် တက်ချိန်တွင်လည်း ကျောင်းခေါ်ချိန်ကို အတိအကျ ကောက်ယူသည့်အတွက် အတန်းမှန်မှန်တက်ကြဖို့ ရုပ်မြင်သံကြားနှင့် ရေဒီယို သင်ခန်းစာများကို အလျဉ်းသင့်သလို နားထောင်ကြည့်ရှုဖို့ သက်ဆိုင်ရာနှစ်အလိုက် ထုတ်ဝေပေးသော ပို့ချချက်နှင့် လေ့လာမှု လမ်းညွှန်စာအုပ်များကို အချိန်ရလျှင်ရသလို နှံ့နှံ့စပ်စပ် လေ့လာဖတ်ရှု ကြဖို့ တိုက်တွန်းချင်သည်။ မိမိသည် ပထမနှစ်အတွက် ဤသင်ရိုးကို သင်ရမည်။ သင်ရိုးတွင် မည်သည့်ခေါင်းစဉ်များပါဝင်သည်။ စာစဉ် မေးခွန်းက မည်သို့မေးထားသည် စသည်ဖြင့် အချိန်အနည်းငယ်ပေး၍ လေ့လာဖတ်ရှု ထားသင့်သည်။

မကြာမီက မိတ်ဆွေတစ်ဦးထံသို့ အလည်သွားရာ သူ၏သမီးဖြစ်သူ သည် တတိယနှစ် မြန်မာစာအထူးပြုသင်တန်း တက်ရောက်နေသည့် အဝေးသင်ကျောင်းသူ တစ်ဦးဖြစ်ကြောင်းသိရသည်။ သမီး စာတွေလိုက်နိုင် ရဲ့လားဟု မေးကြည့်ရာ သမီးတို့က ပို့ချချက် လမ်းညွှန်စာအုပ်တွေ အကုန်ရထားတော့ တခြားတက္ကသိုလ်က ကျောင်းသူ၊ ကျောင်းသား တွေထက် စာကြိုဖတ်လို့ရတယ်။ စာလည်းပိုလုပ်နိုင်တယ်။ သမီး မသိတာတွေလည်း ပုံမှန်ကျောင်းတက်တဲ့ သူငယ်ချင်းတွေကို အမြဲမေး ပါတယ်။ သမီးက အချိန်အားရလျှင်ရသလို ပို့ချချက်စာအုပ်တွေကို ပုံမှန်ဖတ်သွားဖြစ်တယ်။ ပီမိုးနင်းရဲ့ "နေရီရီ၊ ရွှေလင်းယုန်ရဲ့ "သူ" တို့က တကယ်ရသမြောက်တဲ့ ဝတ္ထုတွေမို့ အကြိမ်ကြိမ်ဖတ်ဖြစ်တယ်။ လောကထိပ်ပန်မင်စာက ဓာတ်ကြီးဆယ်ဘွဲ့ဆိုလည်း ဖတ်ကြည့်ရင်းနဲ့ စိတ်ဝင်စားလာပါတယ်။ ကျောက်စာတွေဆိုလည်း ပို့ချချက်မှာ စကားလုံး တစ်လုံးချင်း ရှင်းပြထားတော့ ဖတ်လိုက်တာနဲ့ နားလည်သွားပါတယ်။ အင်္ဂလိပ်စာဆိုလည်း အားရင် ဖတ်ကြည့်ပြီး မသိတဲ့စကားလုံးတွေကို အဘိဓာန်မှာ ရှာဖြစ်ပါတယ်။ နီးမှ နားမလည်ပြီး အလွတ်ကျက်မှတ် ရတာမျိုးမဟုတ်ဘဲ ရိုးရိုးစာဖတ်သလိုပဲ ဖတ်ထားတာမို့ အနီးကပ် ၁၀ ရက် သင်တန်းတက်ပြီး စာမေးပွဲဖြေဆိုရင် ဘယ်လိုမေးခွန်းလာလာ စိတ်ကြိုက်ဖြေနိုင်ပါတယ်ဟူ၍ ပြောပြသည်။

ထို့ကြောင့် "ဥစ္စာရင်လို၊ ဥစ္စာရင်ခဲ"ဆိုသလို မိမိတို့ကိုယ်တိုင် လုံ့လထုတ် ကြိုးစားထားခြင်းဖြင့် အနီးကပ်၁၀ ရက် တက်ရောက်ချိန်တွင် ဆရာများ၏ပို့ချချက်နှင့် မိမိလေ့လာသင်ယူထားမှုတို့ ပေါင်းစပ်ကာ စာမေးပွဲကို ရင်ဆိုင်နိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် စာမေးပွဲအောင်မြင်ပြီး ဘွဲ့ယူသည့်အခမ်းအနားတွင် မိမိတို့စိတ်ကြိုက်ယူထားသည့် ဘာသာရပ် အတွက် ကောင်းစွာ အောင်မြင် ပေါက်မြောက်ခဲ့ပြီဟု ယုံကြည်မှု အပြည့်အဝဖြင့် ဂုဏ်ယူနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အတွက်လည်း အရည်အချင်း ပြည့်ဝသည့် ပညာရည်မြင့်မားသူများအဖြစ် အားထားဂုဏ်ယူ နိုင်မည် ဖြစ်သည်။

ယခုခေတ်တွင် မြန်မာနိုင်ငံတစ်ဝန်း ဆက်သွယ်ရေးကောင်းမွန်လှ သည့်အလျောက် တောင်ငူမှကျောင်းသားသည် လည်းကောင်း၊ မအူပင်မှ ကျောင်းသူသည် လည်းကောင်း၊ မြိတ်၊ စစ်တွေ၊ ချင်းပြည်နယ်၊ ရှမ်းပြည် နယ်၊ ကရင်ပြည်နယ်စသည်ဖြင့် မြန်မာပြည်တစ်ဝန်းရှိ အဝေးသင် ကျောင်းသား၊ ကျောင်းသူများသည် အဝေးသင်တက္ကသိုလ်ပင်မနှင့် ဌာန ခွဲများရှိ တာဝန်ခံပါမောက္ခများထံ သက်ဆိုင်ရာဘာသာရပ်နှင့် ပတ်သက်၍ မသိ နားမလည်မှုများ၊ သိရှိလိုသည်များကို ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်း ဆွေးနွေးနိုင်ကြသည်။

အချုပ်အားဖြင့်ဆိုရပါကယနေ့နှစ်ဆယ့်တစ်ရာစုခေတ် မြန်မာနိုင်ငံ၏ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားမှု ကြိုးပမ်းဖော်ဆောင်ရေးတွင် အဝေးသင်တက္ကသိုလ်များ၏ အခန်းကဏ္ဍသည် အရေးပါလှသည်။ အချို့ကျောင်းသား၊ ကျောင်းသူများသည် စားဝတ်နေရေး၊ စီးပွားရေးကိစ္စ များလုံးပန်းနေရသည့်အတွက် မအားမလပ်ဖြစ်နေရာ ပညာရေးနှင့် ဝေးလာ ကြသည်။ သို့သော် ပညာရေးဝန်ကြီးဌာန၏ အဝေးသင် ပညာရေး စနစ်ကြောင့် ပညာရေးဖြင့် မဝေးကြရတော့ပါ။ ယခုအခါ **နယ်စပ်ဒေသ မကျန် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လူမျိုးဘာသာမရွေး မိမိတို့ဒေသအတွင်း နေထိုင်လျက် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်များကို မိမိတို့ ကိုယ်တိုင် လုံ့လထုတ်ပြီး စနစ်တကျ လေ့လာသင်ယူနိုင်ပေရာ ပညာရေးသည် ဝေးသည်ဟူ၍ မရှိပါကြောင်း ရေးသားဖော်ပြလိုက်ရ ပါသည်။** ။

နယ်စပ်ဒေသမကျန် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လူမျိုးဘာသာမရွေး မိမိတို့ဒေသ အတွင်း နေထိုင်လျက် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်များကို မိမိတို့ကိုယ်တိုင် လုံ့လထုတ်ပြီး စနစ်တကျ လေ့လာသင်ယူနိုင်။

24-4 (15) 1 4/24/07, 1:34 PM

လက်ခံယူ

မန္တလေးတိုင်းဒေသကြီး ဖြစ်သည့် ...

မန္တလေးဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရှမ်းရိပ်သာလမ်း အမှတ်၃၁နေ ဒေါ်ဟင်စိန်၊ မောင်အောင်ခိုင်တို့အား ရည်စူး၍ ဦးဝင်းမြင့် မိသားစုက ကျောင်းအလှူငွေအဖြစ် အမေရိကန်ဒေါ်လာ ၂၀၀ကို ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးရာဇိန္ဒရှေ့မှောက်တွင်လှူဒါန်းရာ အမှုဆောင် ဒေါ်မကြည်ဦးက လက်ခံယူစဉ်။ (က-ပ)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဆိုင်းဘုတ်ဖွင့်

ကနီ ဧပြီ ၈

မုံရွာခရိုင် ကနီမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက်၇နာရီက မြို့နယ်အသင်းရုံးရှေ့၌ ကျင်းပရာ ရေးဦးစွာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးချစ်ကိုကိုက ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဆိုင်းဘုတ်ကို မြို့နယ်အသင်းနာယက မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလင်းက စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးရာမျိုးဆက်သစ် အသင်းဝင် မောင်မယ်လေးများက ရာသက်ပန်ပြည်ထောင်စု တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ရွှေတောင်တန်းလမ်း အမှတ် (၃၀)နေ ဒေါ်တင်မျိုးနွယ် မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး နှင့် ဆွမ်း၊ ဆေးပဒေသာပင်အတွက်

အလှူငွေကျပ်နှစ်သိန်းကို ဝိနယကောဝိဒ ဆရာတော် ဘဒ္ဒန္တ အရိယဓမ္မထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ဝိပဿနာ(၁၁)ရက် တရားစခန်းကျင်းပမည်

ကြို့ပင်ကောက် ဧပြီ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) မိုးညိုမြို့ ရွှေဥဒေါင်း ရပ်ကွက် သိမ်ကုန်း ကျောင်းတွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော တရားစခန်းပွဲကို ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာကျောင်းတိုက် ဒုတိယ ပဓာနနာယကဘဒ္ဒန္တဝါယမ (အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ) ဆရာတော်ကိုယ်တိုင် ဦးစီး၍ ၁၃၆၉ခုနှစ် ကဆုန်လပြည့်ကျော် ၁ရက်မှ ၁၁ရက် (မေ၁ရက်မှ၁၁ရက်)အထိ ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄ဝ)**

ဗိုလ်တထောင်မြို့နယ်၄၄လမ်း အမှတ်၂၅နေ ဒေါ်ကြင်ရွှေနှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာ ရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အောင်ဘယ်လ်(ငြိမ်း)က လက်ခံယူစဉ်။

(က-ပ)

စာအုပ်၊ စာရေးကိရိယာနှင့် ဆန်၊ ဆီ၊ ပဲလှူဒါန်း

ပြည် ဧပြီ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့ ရွာဘဲရပ်ကွက် စက်မှုဇုန်အတွင်းရှိ သာသနာ့ ဝေပုလ္လကာရီ သီလရှင်စာသင်ကျောင်းတွင် တိုင်း၊ ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက စာအုပ်၊ စာရေးကိရိယာနှင့် ဆန်၊ ဆီ၊ ပဲလှူဒါန်းပွဲကို ဧပြီ ၆ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ တိုင်း၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဗလာစာအုပ် ၃၀၊ ခဲတံနှင့် ခဲဖျက် ၁၀ဒါဇင်၊ သီလရှင်ဝတ်စုံ ၂၀၊ဆန် ၁၀အိတ်၊ ဆီ ၁၅ ပိဿာ၊ ကုလားပဲ ၁၀ ပိဿာ စုစုပေါင်းပစ္စည်းတန်ဖိုး ငွေကျပ် ၂၈၈၇၀၀ နှင့် လှူဒါန်းငွေကျပ် ၈၆၀၀၀ကို လှူဒါန်းရာ သာသနာ့ ဝေပုလ္လကာရီ သီလရှင်စာသင်ကျောင်း ပဓာနနာယက သီလရှင်ဆရာကြီး ဒေါ်ဂန္ဓသာရီက လက်ခံယူပြီး သာဓုအနုမောဒနာခေါ်ဆိုကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မတ်၂၃ရက်က ဘူး သီး တောင် မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဆောင် ရွက် ခဲ့သော ကံပြင်-ဒုံးချောင် ကျေးရွာချင်းဆက်မြေသား လမ်းဖွင့်ပွဲ အခမ်းအနား ကျင်းပရာ ဘူး သီး တောင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်မျိုး

နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်စာပေ အရည်အသွေး မြင့်မားရေးဆွေးနွေး

ကောလင်း ဧပြီ ၂

ကောလင်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ကျေးလက်ဒေသ စာပေအရည်အသွေး မြင့်မားရေးနှင့် ကျေးလက်ပြည်သူများ စာပေလေ့လာမှုဖြင့် အသိပညာဗဟုသုတ တိုးပွားရေး ဆွေးနွေးပွဲကို မတ်၁၅ရက်က မြို့နယ်ရုံးခန်းတွင် ကျင်းပသည်။

ညှိနှိုင်း ဆွေးနွေးပွဲတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က ကျေးလက်ဒေသ စာပေအရည်အသွေး မြင့်မားရေး၊ မြန်ဂုဏ်ဆောင် စာပေဆုနှစ်စဉ်ချီးမြှင့်သွားရေး၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ နှုတ်မှုစွမ်းရည်ပြိုင်ပွဲများ၊ သတင်းစာဖတ်ပြိုင်ပွဲ၊ စကားရည်လုပွဲ၊ ကျပန်းစကားပြော ပြိုင်ပွဲများ၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ စာစီစာကုံး၊ ဆောင်းပါး ပြိုင်ပွဲများ ကျင်းပရေး၊ စာတမ်းဖတ်ပွဲများနှင့် စာပေဟောပြောပွဲများ ကျင်းပရေးတို့ကို ဆွေးနွေးသည်။ **(ဝ၂၆)**

မြို့နယ်ဥက္ကဋ္ဌ ဆုဖလား

မတ် ၉ရက်က ဘိုကလေးမြို့နယ် ဟေမာန်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲ၌ ပထမဆုရ ဟေမာန်ကျေးရွာအသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိမ်းက တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်ကဆုန်လဆန်း ၁၀ ရက်
၂၅-၄-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (နိုင်ငံတကာ ဈေးကွက်ဝင် ရေထွက်ပစ္စည်းထုတ်လုပ်မှု)
၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (အပူငွေ့နှင့် ပွင့်သောပန်း)
၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (သန့်သန့်လေးမှ ကြိုက်သတဲ့လား- အရှင်သံဝရာလင်္ကာရ (ဓမ္မဝိယဆရာတော်)
၁၂:၃၅ သီချင်းကြီး ပဒေသာ
(၁) ကဆုန်လဘွဲ့ပတ်ပျိုး (တက္ကသိုလ်သန်းသန်းလွင်)
(၂) ကမ္ဘာလေတောခြေယိုးဒယား (ဦးပြေဟန်)
(၃) ပန်းသပြေညောင်ရေသံဆန်း (မေဘရဏီခိုင်နှင့်အဖွဲ့)

ညနေပိုင်း

၁၇:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဘဝတာခရီးဖော် (မောင်ကြည်တိုး)
(၂) သမုဒ္ဒယဥယျာဉ်မှုဝယ် (သင်းသင်းမြတ်)
(၃) မအိုသေးတဲ့ချစ်သူ(မောင်မောင်လတ်)
၁၇:၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (တရုတ်စကားပွင့်သုတ်၊ ရွှေဖရုံပွင့်ဟင်းချို၊ ငါးလေးအိုးကပ်)
၁၇:၄၅ သူ့လက်သံ (အဆို၊ အက၊ အရေး၊ အတီးဆုရ ဧရာဝတီတိုင်းမှမတင်နီလာဝင်းနှင့် ရန်ကုန်တိုင်းမှ မသိမ့်မျက်သွယ်၏ စန္ဒရားလက်သံ)
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) မြောက်ပိုင်းဗုဒ္ဓဘာသာ မဟာယာနဂိုဏ်း (အမျိုးသားပညာဝန်ဦးဖိုးကျား)
(၂) ပညာလို သံမှိုနက်သလိုပ(ဒေါက်တာခင်မောင်ညို)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (အဇ္ဈာတေးထုတ်လုပ်ရေးမှမေတ္တာလက်ဆောင်ပေးပို့သည့် မန္တလေးသိန်းဇော်၏ သောင်းထိုက်ကကျော်စီးရီး)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) သစ်ခြောက်ပင်အောက် ပန်းကောက်သူ (မောင်မောင်ကြီး)
(၂) မေတ္တာရွှေစောင်း (လီလီကြာညွန့်)
(၃) အချစ်ရေ (စောင်းသိန်းဖေ)

မိဘများ ဖြစ်ကြသော ဦးအောင်သိန်း-ဒေါ်ကွန့်တို့အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် ၃(ခ)ရပ်ကွက် ဝေဇယန္တာလမ်း အမှတ်(၁၀၁)နေ ဒေါ်ခင်မျိုးမြင့်က ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့်ထီးတော်သစ်တင်လှူပူဇော်ရန်အတွက်ငွေကျပ်၁၂၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံယူစဉ်။ (က-ပ)

ဇေယျာသီရိ သီလရှင်သင် အမျိုးသမီးပညာရေးကျောင်း၌ မဇ္ဈိမသီတဂူ ကျောင်းဆောင်သစ်ဆောက်ရန် ငွေလှူဒါန်း

မော်လမြိုင်ကျွန်း ဧပြီ ၁၆

မော်လမြိုင်ကျွန်းမြို့ ဇေယျာသီရိ သီလရှင်သင်အမျိုးသမီးပညာရေးကျောင်းဝင်းအတွင်း ဆောက်လုပ်မည့် မဇ္ဈိမသီတဂူ ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် ပထမအကြိမ် မတည်အလှူငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၈ ရက်ညနေ ၄ နာရီက ဇေယျာသီရိ သီလရှင်သင်ပညာရေးကျောင်းခန်းမ၌ ကျင်းပသည်။

ယင်းအလှူငွေပေးအပ်ပွဲတွင် မိဘဘိုးဘွားများအား အမှူးထား၍ ဇေယျာသီရိ သီလရှင်သင် အမျိုးသမီးပညာရေးကျောင်း ပဓာန နာယကဆရာကြီး ဒေါ်မေဓာဝီက မတည်အလှူငွေကျပ် ၁၀ သိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ထံပေးအပ်လှူဒါန်းပြီး မိဘဘိုးဘွားများအား အမှူးထား၍မော်လမြိုင်ကျွန်းမြို့ အောင်ဆန်း ၁၀လမ်း အမှတ် ၁၆ နေ ဒေါ်မိုင်းမိုင်းက မတည်အလှူငွေကျပ် သိန်း ၂၀ကို ပေးအပ်လှူဒါန်းရာ ပဓာနနာယကဆရာကြီးဒေါ်မေဓာဝီက လက်ခံရယူသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ ဇေယျာသီရိ သီလရှင်သင် အမျိုးသမီးပညာရေးကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ ပါဝင်လှူဒါန်းလိုပါက ဇေယျာသီရိသီလရှင်သင် အမျိုးသမီး ပညာရေးကျောင်း မော်လမြိုင်ကျွန်းမြို့ ဖုန်း-၀၄၂-၅၀၀၇၅ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၉၇)**

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော် ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဧပြီ ၃ရက်က နှစ်ဖက်သော မိဘများအား ဦးထိပ်ထား၍ မော်လမြိုင်မြို့ ဈေးကြိုရပ်နေ ဦးစန်းအောင်-ဒေါ်ခင်ဝင်းရီ၊ သမီး မသက်မာဦး၊ သား မောင်သက်ပိုင်ဦး၊မောင်သက်ဇော်ဦး မိသားစုက ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

ဟိုပင်မြို့နယ်မြို့သာယာကျေးရွာ၌ လေးလက်မ စက်ရေတွင်းဖွင့်

ဟိုပင် ဧပြီ ၁၀

ဟိုပင်မြို့နယ် မြို့သာယာကျေးရွာတွင် လေးလက်မ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၈ နာရီက စက်ရေတွင်း မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထူးက စက်ရေတွင်းတူးဖော်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်ရေတွင်းကိုအုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် အမှုဆောင်အရာရှိ ဦးသိန်းထူးတို့က ဖွင့်လှစ်ပေးကြသည်။

အဆိုပါ လေးလက်မစက်ရေတွင်းကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၂ သိန်းဖြင့် အကုန်အကျခံ တူးဖော်ပေးခဲ့ခြင်း ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ပြည်သာကျောက်ထုတ်လုပ်ရေး လုပ်ငန်းတည်ထောင်ပြီး လမ်းခင်းကျောက်များ ထုတ်လုပ်ရာသို့ မတ် ၂၀ ရက်က စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး (အင်/ယာ) ဦးကျော်စိုး ကွင်းဆင်းကြည့်ရှုရာ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြသစဉ်။
(ပြည်နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးဆွေးနွေး အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်

စစ်ကိုင်း ဧပြီ ၂၀

စစ်ကိုင်းတိုင်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၇ရက် ညနေ ၄နာရီက ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး၌ ကျင်းပသည်။

ဆွေးနွေးဟောပြော

အခမ်းအနားတွင် ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများက အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများ၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး၊ အေအိုင်ဒီအက်စ်ရောဂါ တားဆီးကာကွယ်ရေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာများကို ဆွေးနွေးဟောပြောကြသည်။

အဆိုပြုလွှာပေးအပ်

ထို့နောက် ပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီရုံးဝန်ထမ်းမိသားစုနှင့် ဝန်ထမ်းများကိုယ်စား မြို့နယ်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး ဦးစီးအရာရှိ ဒေါ်ဝါဝါက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၁၄၀ကို ပေးအပ်ရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းဆိုင်လောစ်က လက်ခံရယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် အေတာလျာ ကျေးရွာသွားလမ်း ကျောက်ချောလမ်းသစ်ကို မတ်၁၁ ရက်က ခရိုင်ဥက္ကဋ္ဌ ဦးလှဝင်းနှင့် အမှုဆောင်အရာရှိ ဦးဘမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း ဂုဏ်ပြုလွှာပေးအပ်ပွဲနှင့် စာအုပ်လှူဒါန်း

မတ္တရာ ဧပြီ ၈

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၇)ဆင်းပွဲ၊ အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၃ရက် နံနက်၁၁နာရီခွဲက မတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားပြသခန်း၌ကျင်းပသည်။

ရှင်းလင်း

ရေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က စာကြည့်တိုက်များ ခိုင်မာရေး၊ မှတ်ပုံတင်ရေးနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာစာကြည့်တိုက်များအတွက် ရေဒီယိုလှူဒါန်းခဲ့ကြသည့် အလှူရှင် ၁၃ဦးအား ဂုဏ်ပြုလွှာများ ပေးအပ်ပြီး၊ သင်တန်းဆင်း လက်မှတ်ကို သင်တန်းသားခေါင်းဆောင် ဦးသိန်းမြင့်ထံ ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသား ခေါင်းဆောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက မြောင်းသစ်ကျေးရွာစာကြည့်တိုက်မှူးထံ စာအုပ်မျိုးစုံ အုပ် ၃၀ကို ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟင်းသီးဟင်းရွက်များ၌ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာပါဝင်မှုမရှိရေး ဆောင်ရွက်

သိန်းနီ မတ် ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးခရိုင် သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးဇော်နှင့် ဝန်ထမ်းများသည် မတ် ၂၈ရက် နံနက် ၉နာရီက မြို့မဈေးကြီးအတွင်း ဟင်းသီးဟင်းရွက်များ၌ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာပါဝင်မှုမရှိရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ထီးလှိုင်ရှင်(မင်းကျန်စစ်) ဇီဝိတ-ပရဟိတ-ပညာ မဟာအလှူတော်မင်္ဂလာမဏ္ဍပ်ဖွင့်

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၆)ရပ်ကွက် ပဲခူး-ခရမ်း ကားလမ်းမကြီး၌ ဧပြီ ၁၃ ရက် နံနက်ပိုင်းက ထီးလှိုင်ရှင် (မင်းကျန်စစ်) ဇီဝိတ-ပရဟိတ-ပညာ ကိုးကြိမ်မြောက် မဟာအလှူတော်မင်္ဂလာမဏ္ဍပ်ဖွင့်ပွဲ ကျင်းပရာ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘိတ၊ ကံကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ၊ အောင်ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တ တိက္ခဉာဏာလင်္ကာရနှင့် ဖိတ်ကြားထားသူများ၊ အလှူတော်မင်္ဂလာဖြစ်မြောက်ရေးအကျိုးတော်ဆောင် တိုင်းရင်းသမားတော် ဦးစောထွန်းနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွက်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘိတက ဩဝါဒကထာမြွက်ကြား၍ ရပ်ကွက်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ထီးလှိုင်ရှင် အလှူတော်မင်္ဂလာ ဖြစ်မြောက်ရေး ကော်မတီဝင် ဦးစောသန်းအောင် (Asia World Co., Ltd.)၊ ဦးသူရကျော် (Asia World Co., Ltd.)တို့က အလှူတော်မင်္ဂလာ ဖြစ်မြောက်လာပုံနှင့် နှစ်စဉ်တိုးတက်လှူဒါန်းနိုင်မှု အခြေအနေများ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်္ကြန်အကြိုနေ့ ဘေးမဲ့အဖြစ် ခိုကောင်ရေ ၁၀၀၊ ငါးကောင်ရေ ၃၀၀တို့ကို ဘေးမဲ့လွှတ်ပေးပြီး ထမင်းထုပ်တစ်ထောင်ကျော်ကို အလှူဒါနပြု ကျွေးမွေးလှူဒါန်းကြသည်။

သင်္ကြန်အကျ၊ အကြတ်၊ အတက်နှင့် နှစ်ဆန်းတစ်ရက်နေ့များတွင်လည်း ငွေကျပ် ၃၄ သိန်းတန်ဖိုးရှိ အဝတ်အထည်များ၊ ပညာသင်စရိတ်များ**(အပေါ်ပုံ)**၊ သက်ကြီးရွယ်အို ချို့တဲ့သူများအတွက် အိမ်များ ပြင်ဆင်မွမ်းမံရန် ခနီး ထရံများကို လှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၄

၂၀၀၇ ခုနှစ် ဧပြီ ၂၄ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အစ္စရေးနိုင်ငံဝန်ကြီးချုပ် မစ္စတာ အီဟွတ် အိုလ်မတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ ၂၄-၄-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နေပြည်တော်-မော်လမြိုင်-နေပြည်တော် ခရီးစဉ်တွင် လမ်းခရီးဘူတာများဖြစ်သည့် တောင်ငူ၊ဒိုက်ဦး၊ အိမ်ခြေလေးဆယ်၊ ပလစ်၊ မင်္ဂလွန်း၊ မြစ်ကျိုး၊ ဖက္ကလိပ်၊ ဆပ်သွားကုန်း၊ ကျိုက်ထို၊သထုံနှင့် ပေါင်ဘူတာတို့၌ ရပ်တန့်ပေးမည်ဖြစ်ပြီး ပထမတန်းလက်မှတ်များကို ၃ ရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်များကို ၁ ရက်ကြိုတင်၍လည်းကောင်း၊ လက်ကျန်လက်မှတ်များကို ရထားမထွက်ခွာမီ ၂ နာရီကြိုတင်၍ လည်းကောင်း ရောင်းချပေးသွားမည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် နေပြည်တော်-မော်လမြိုင် အမြန်ရထားဖြင့် လိုက်ပါကြမည့် ခရီးသွားပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော်-မော်လမြိုင်-နေပြည်တော် အမြန်ရထားခရီးစဉ် စတင်ပြေးဆွဲ ဒိုက်ဦး-ဆပ်သွားကုန်းရထားလမ်းသစ်ကို အသုံးပြုပြေးဆွဲသွားမည်ဖြစ်

ယခုရထားလမ်းကြောင်း ယခင်ခရီးအကွာအဝေးထက် ၃၈ မိုင်လျော့နည်း ခရီးစဉ်တစ်လျှောက်ရှိ လမ်းခရီးဘူတာများ ရပ်တန့်ပေးမည်

နေပြည်တော် ဧပြီ ၂၃

နေပြည်တော် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသွားပြည်သူများ ပိုမိုတိုးတက်များပြားလာသည့်အလျောက် တနင်္သာရီတိုင်း မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဒေသခံတိုင်းရင်းသားများ နေပြည်တော်နှင့် နေပြည်တော်ကို ဗဟိုပြု၍ အထက်မြန်မာပြည် အရပ်ဒေသအသီးသီးသို့ ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဒိုက်ဦး-စစ်တောင်းရထားလမ်းသစ်ကို ဖောက်လုပ်ပေးခဲ့ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက မော်လမြိုင်-နေပြည်တော် အဆန်ရထားခရီးစဉ် စတင်ပြေးဆွဲခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၆ နာရီ ၂၅ မိနစ်တွင် မော်လမြိုင်ဘူတာ၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်၍ ခရီးစဉ်စတင်ပြေးဆွဲခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး မော်လမြိုင်-နေပြည်တော်အမြန်ရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်လေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်နှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ■